ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့၊ (5-9-2004) (၄၃၄၇)

တပေါ စ
တော် မင်္ဂလ မုတ္တမံ။

ငြိုးငြိုးခြခြစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကန်တော်ကြီး သဘာဝဥယျာဉ် လှပရှုချင်စဖွယ်ဖြစ်အောင် သစ်ပင်ပန်းမန်များ ဖြည့်စွက်စိုက်ပျိုးရေ၊ ပြင်သန့်ရှင်းရေး၊ ရေဝင်မှုတိုးမြှင့်သိုလှောင်နိုင်ရေး၊ ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ပြည်သူများ၊ ပြည်ပမှဧည့်သည်များ အပန်းဖြေရုံသာမက ဗဟုသုတရှာဖွေနိုင်မည့်ဥယျာဉ်ကြီးအဖြစ် ပြုသ

ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြား၍ ပါရမီခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းပြီးစီးမှုနှင့် ကမ္ဘာ့အေးမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အဆင့်မြှင့်မွမ်းမံမှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ဆွေးနွေးမှာကြား

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် Education Zone,Central Symbol Zone, Relaxation Zone နှင့် Recreation Zone များအတွင်း လုပ်ငန်းများ အဆင့်မြင့်တည်ဆောက်မှုလုပ်ငန်းများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က Education Zone အတွင်း စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြကွက်ကိုးခု၊ စိုက်ပျိုးရေးပြတိုက်နှင့် စိုက်ပျိုးရေးအရောင်းဆိုင်များ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

ကြေးမုံ The Mirror — ဆောင်းပါးအညွှန်း

စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကြောင့် အကောင်းဘက်သို့ ပြောင်းလဲသွားတဲ့ တိုင်းပြည်ရယ်လို့ ကမ္ဘာမှာ မရှိဖူးသေးသလို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကြောင့် ဘယ်တိုင်းပြည်မှာတော့ အစိုးရပြုတ်ကျသွားပြီး ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲသွားတယ်လို့လည်း ကမ္ဘာပေါ်မှာလက်ညှိုးထိုးပြစရာမရှိသေးပါ။

အောင်မိုးစံ၏ "အမေရိကန်အစိုးရရဲ့ ကျား-ကျား မီးယပ်ကုထုံးနည်းကို ရပ်ဆိုင်းသင့်ပါပြီ"
ဆောင်းပါး-(စာမျက်နှာ-၃)

ယခုအခါနိုင်ငံသူ၊ နိုင်ငံသားအားလုံးစာတတ်မြောက်ရန် "လူတိုင်းအတွက် ပညာရေး" (Education For All) အစီအစဉ်ကိုချမှတ်ပြီး ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို ဆက်စပ်ပေး၍ နိုင်ငံသူ၊နိုင်ငံသားအားလုံး အသက်အရွယ်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာမရွေး အခြေခံ စာတတ်မြောက်ရေးနှင့် စာတတ်မြောက်ပြီးသူများအတွက် ဆက်လက်လေ့လာဆည်းပူးနိုင်မည့် စဉ်ဆက်ပညာရေးဖြစ်ထွန်းလာစေရေးဟူသည့် မျှော်မှန်းချက်ကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

စိုးအောင်၏ "စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ"
ဆောင်းပါး-(စာမျက်နှာ-၇)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၅-၉-၂၀၀၄
(တနင်္ဂနွေနေ့)

ထူးချွန်ထက်မြက်သူများဖြစ်ရေး အားပေးမြှင့်တင် ကျွမ်းကျင်မှုစွမ်းအားဖြင့် အလုပ်အကျွေးပြု

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်းတိုးတက်ပြောင်းလဲလျက်ရှိရာ နိုင်ငံတိုင်းက အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် ပညာတတ်နိုင်ငံသားများ မွေးထုတ်နိုင်ရေးအတွက် ပညာရေးစနစ်များကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိကြသည်။ တစ်ချိန်တည်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိသည်ကို တွေ့မြင်နေရသည်။

ယနေ့ နိုင်ငံတကာအခြေအနေနှင့် ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား ဓနအင်အားကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား နစ်နာဆုံးရှုံးမှုမရှိစေရန် အားထုတ်ကြိုးပမ်းနေရသော အချိန်အခါဖြစ်သည်။

ယင်းသို့သောအချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို ရင်ဆိုင်တွန်းလှန်ကျော်လွှားပြီး မိမိနိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားစေရေး အင်ပြည့်အားပြည့် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီး သူတစ်ပါးသြဇာလောင်းရိပ် ကင်းရှင်းစွာဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂ ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်သစ်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် **ယနေ့ နိုင်ငံတော်ကို တာဝန်ယူနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် တိုင်းပြည်ကို တည်ငြိမ်အေးချမ်းအောင် အချိန်ကာလအတိုင်းအတာ အကန့်အသတ်ဖြင့် တာဝန်ယူလုပ်ဆောင်ရသည့် အိမ်စောင့်အစိုးရပုံစံမျိုး မဟုတ်ဘဲ တိုင်းပြည်ကို ခေတ်သစ်စနစ်သစ်တစ်ရပ်သို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်အောင် တာဝန်ယူလုပ်ကိုင်နေရသည့် အစိုးရမျိုးဖြစ်ကြောင်း** ရှင်းလင်းပြောကြားသွားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်သစ်ကို စနစ်သစ်ဖြင့်တည်ဆောက်ရာတွင် ကဏ္ဍအလိုက် သာမန်အားထုတ်မှု၊ သာမန်အလုပ်လုပ်မှုမျိုးဖြင့် သမားရိုးကျ လုပ်ကိုင်နေ၍ မဖြစ်ဘဲ နိုင်ငံနှင့်လူမျိုးအပေါ် စိတ်ရင်းကောင်း၊ စေတနာကောင်းဖြင့် တက်တက်ကြွကြွ ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်သည်။

ပညာရေးကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များ၏ သင်ယူတတ်မြောက်လိုမှု၊ ရှာဖွေစူးစမ်းလိုမှု၊ နားလည်တတ်ကျွမ်းလိုမှုတို့ကို အစဉ်အမြဲ အားပေးမြှင့်တင်သွားကြရမည်ဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများအား ပညာသင်ယူမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်နှင့် ဗဟုသုတနယ်ပယ်တို့တွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် မျက်ခြည်မပြတ် ထိန်းကျောင်းအားပေး သင်ကြားပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး ဦးဆောင်ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် တပည့် ကျောင်းသူ၊ ကျောင်းသား လူငယ်များအားလုံး ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေးအတွက် မိမိတို့၏ ကျွမ်းကျင်မှုစွမ်းအားဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း နိုင်ငံတော်ကို အလုပ်အကျွေးပြုသွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟူတောင်ဒေသ၌ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး ချုပ်ဆို

ရန်ကုန် 　 စက်တင်ဘာ 　 ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC တို့သည် ကုန်းပိုင်းဒေသလုပ်ကွက်အမှတ်-D စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် မကွေးတိုင်း ပခုက္ကူခရိုင်တို့အတွင်းရှိ မဟူတောင်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ယမန်နေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

တက်ရောက်

အဆိုပါ စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်ဦးအေးမောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတာဝန်ခံ Mr.Yu Boren၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr. Lei Wenju၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားပြီး စာချုပ်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်နိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr. Lei Wenju တို့ကလက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အပြန်အလှန်လဲလှယ်

ထို့နောက် စာချုပ်များကို အပြန်အလှန် လဲလှယ်ကြကာ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာကို ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီကလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ဝန်ကြီး ဦးသောင်းက လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr. Lei Wenju အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr.Lei Wenju အား ပေးအပ်စဉ်။ (စွမ်းအင်)

လယ်ယာသုံးပစ္စည်းစက်ရုံဝန်ထမ်းသစ်များအတွက် တွင်ခုံဖောက်ခုံ သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း

ရန်ကုန် 　 စက်တင်ဘာ 　 ၄

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများအတွက် တွင်ခုံဖောက်ခုံ သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲနှင့် အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ကျင်းပရာ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်း ဆရာ၊ ဆရာမများနှင့် သင်တန်းသား အမျိုးသား ၁၇ဦး၊ အမျိုးသမီး ၅၉ဦး စုစုပေါင်း ၇၆ဦးတို့ တက်ရောက်ကြသည်။

ယခုကျင်းပသော သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲသည် စက်မှုလယ်ယာဦးစီးဌာန ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး စက်ရုံအတွက် အသစ်ခန့်ထားသည့် ဝန်ထမ်းများ တက်ရောက်သင်ကြားလေ့ကျင့်ကြခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ကာအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ နိုင်ငံပိုင် ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများအတွက်လိုအပ်သော ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ရရှိစေရန် တွင်ခုံ ဖောက်ခုံသင်တန်း၊ ဂဟေဆက်သင်တန်း၊လျှပ်စစ်သင်တန်းနှင့်ကြီးကြပ်ရေးမှူး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ၂၀၀၃ခုနှစ်က ဂျပန်နိုင်ငံ နာရီတမြို့တွင် ကျင်းပခဲ့သော ကလေးပန်းချီပြိုင်ပွဲတွင် ရွှေဆုတစ်ဆုနှင့် နှစ်သိမ့်ဆု (၁၄)ဆုရရှိအောင် သင်ကြားပေးသော ဆရာမဒေါ်စန္ဒာမြင့်အား ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(က-ပ)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ

ရန်ကုန် 　 စက်တင်ဘာ 　 ၄

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲနှင့် အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁ရက် နံနက် ၉နာရီတွင် ဗိုလ်ချုပ်လမ်း မူယာပင်ရပ် သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနောက်ပိုင်းတိုင်းခွဲ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် တိုင်း/ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း/ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းလွင်နှင့် သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာလှလှက ကလေးငယ်များအတွက် အရေးပါလှသော ဗီတာမင်-အေ ဓာတ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်လတ်က ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အရေးပါလှသော သံဓာတ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ယင်းနောက် တိုင်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသည်။ ထို့နောက် ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်နှင့် တာဝန်ရှိသူတို့က ကလေးငယ်များအား ဗီတာမင်-အေ ဆေးလုံးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ထောက်ပံ့ခြင်း၊ အိုင်အိုဒင်းဆားများကို အရည်အသွေး စစ်ဆေးခြင်းများ ဆောင်ရွက်၍ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများ ပြုလုပ်ကြသည်။ (သတင်းစဉ်)

အမေရိကန်အစိုးရရဲ့ ကျား–ကျား မီးယပ်ကုထုံးနည်းကို ရပ်ဆိုင်းသင့်ပါပြီ

အောင်မိုးစံ

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဗိန္ဒောဆရာတစ်ဦး ရှိခဲ့တယ်။ တစ်နေ့ မှောင်ရီပျိုးစအချိန်မှာ အမျိုးသားကြီးတစ်ဦးက ဆရာလာပင့်တော့ ဆေးလွယ်အိတ်ကလေး ပခုံးပေါ်လွယ်ပြီး လိုက်သွားခဲ့ပါတယ်။ လူနာအိမ်ကို ရောက်တော့ မှောင်နေပြီ။ လူနာက ခြင်ထောင်ထဲမှာ မှိန်းနေတယ်။ ဆရာက ခြင်ထောင်ထဲက လူနာရဲ့လက်ကိုကိုင်ပြီး သွေးခုန်နှုန်းစမ်းကြည့်တယ်။ ပြီးတော့ ဆေးတိုက်ရန် ဆေးစပ်ပေးခဲ့တယ်။ ဆရာပြန်ကြွခါနီးမှာ လူနာစောင့် အမျိုးသားကြီးက "ဘာရောဂါဖြစ်နေသလဲ ဆရာကြီးရယ်" လို့မေးတော့ မီးယပ်နဲ့ ယှဉ်ပြီး ဖြစ်တဲ့ရောဂါပါလို့ ပြန်ဖြေတယ်။ ဒါနဲ့ လူနာစောင့်အမျိုးသားကြီးက တအံ့တသြနဲ့ ဆရာရယ် လူနာက ယောကျ်ားပါ၊ မီးယပ်ရောဂါ ဘယ်ဖြစ်နိုင်မှာလဲလို့ ပြောတော့ ဆရာက "ကျား–ကျား မီးယပ်" ပဲကွာလို့ ဇွတ်ပြောပြီး ပြန်ကြွသွားတော့တယ်။ မီးယပ်ရောဂါ မဖြစ်နိုင်တဲ့ ယောကျ်ားကို မီးယပ်ဆေးနဲ့ အကုမှားနေတာကို ပတ်ဝန်းကျင်က မှားနေကြောင်းပြောတာကို လက်မခံဘဲ ကျား–ကျား မီးယပ်ပဲဆိုပြီး ပြန်ပြောတဲ့အမှားမျိုး ကျူးလွန်နေသူကို ဥပမာ တင်စားပြောတဲ့ စကားပုံတစ်ခုဖြစ်ပါတယ်။

စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်မှုကြောင့် အကောင်းဘက်သို့ ပြောင်းလဲသွားတဲ့ တိုင်းပြည်ရယ်လို့ ကမ္ဘာမှာ မရှိဖူးသေးသလို၊ စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်မှုကြောင့် ဘယ်တိုင်းပြည်မှာတော့ အစိုးရ ပြုတ်ကျသွားပြီး ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲသွားတယ်လို့လည်း ကမ္ဘာပေါ်မှာ လက်ညှိုးထိုးပြစရာ မရှိသေးပါ။

နိုင်ငံတကာမှ ထင်ရှားတဲ့ပါမောက္ခတွေ၊ ပညာရှင်တွေကလည်း စီးပွားရေး ပိတ်ဆို့မှုကြောင့် ဒီမိုကရေစီလည်း ဖြစ်ပေါ်မလာနိုင်၊ မြန်မာနိုင်ငံက တပ်မတော်အစိုးရလည်း ပြုတ်မကျနိုင်ဘူးလို့ ပြောဆိုနေကြပါလျက် ပြည်တွင်း၊ ပြည်ပမှ အစိုးရဆန့်ကျင်ရေးဝါဒီတွေရယ်၊ အနောက်အုပ်စုနိုင်ငံတွေရှိ ဒီမိုကရေစီရေး ထောက်ခံ အားပေးနေပါတယ်ဆိုသူတွေရယ်တို့ဟာ မြန်မာနိုင်ငံကို စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့ဖိအားပေးမှုတွေကို တစ်ဆင့်ထက်တစ်ဆင့် တိုးမြှင့်ဖိအားပေးဖို့ပဲ ကြိုးစားနေကြပါတယ်။

"မည်သည့်နိုင်ငံ၏ ပြည်တွင်းရေး စီရင်ပိုင်ခွင့်အာဏာအတွင်း လုံးဝကျရောက်နေသော အရေးကိစ္စတွင်မဆို ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂပဋိညာဉ်စာချုပ်တွင် ခွင့်ပြုထားခြင်းမရှိ" ဆိုတဲ့ ကုလသမဂ္ဂ အခြေခံမူ ရှိနေပါလျက် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအရောက် သယ်သွားပြီး မြန်မာနိုင်ငံအစိုးရကို ဖိအားပေးဖို့ ကြိုးစည်တိုက်တွန်းနေကြပါတယ်။

ဒါတွင်မကသေးပါ။ **"တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်"** ဆိုတဲ့ ဘန်ဒေါင်းအခြေခံမူတွေပေါ် ရပ်တည်နေတဲ့ အာဆီယံတိုင်းပြည်တွေကို အမေရိကန်အစိုးရက မြန်မာနိုင်ငံကို ဝိုင်းပယ်ဖိအားပေးရန် တောင်းဆိုတိုက်တွန်းနေခြင်းဖြင့် အာဆီယံကို အမေရိကန်ရှေ့ဆောင်အနောက်အုပ်စုရဲ့ နောက်လိုက်ဖြစ်အောင် ဖန်တီးနေကြပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၇ ရက်နေ့မှာတော့ အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံဒီမိုကရေစီဖြစ်ပေါ်ရေးနဲ့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးဆိုပြီး ၂၀၀၃ ခုနှစ်က "မြန်မာနိုင်ငံလွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေး ၂၀၀၃ ခု ဥပဒေ" ဆိုတာကို တစ်နှစ်ထပ်မံ သက်တမ်းတိုးခဲ့ပါတယ်။

အမေရိကန်အစိုးရရဲ့ ဒီလုပ်ဆောင်ချက်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၂၈ နှစ်တုန်းက အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ကြီးထွားလာမှုကြောင့် ပဒေသရာဇ်စနစ်ကို ဆန့်ကျင်အနိုင်ယူပြီး ဒီမိုကရေစီ သမ္မတနိုင်ငံ ဖြစ်ပေါ်တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့ အမေရိကန်ပြည်ရဲ့ သမိုင်းဖြစ်ရပ်ရယ်၊

ပထမကမ္ဘာစစ်အပြီး စစ်ရှုံးတိုင်းပြည်တွေကို နောက်တစ်ကြိမ် မိမိတို့ကို အန်တုယှဉ်ပြိုင်နိုင်စွမ်းမရှိအောင် စီးပွားရေးဖိအားပေးသောအားဖြင့် စစ်လျော်ကြေးတွေ ဖိတောင်းလိုက်တာဟာ စစ်ကြောင့်မွဲပြာကျသွားသော တိုင်းပြည်တွေရဲ့ ကုန်လုပ်စွမ်းအားစုတွေ ပိုမိုကျဆင်းသွားအောင် လုပ်လိုက်ရာရောက်တဲ့အတွက် အဲဒီတိုင်းပြည်တွေမှာ နာဇီဝါဒ၊ ဖက်ဆစ်ဝါဒတွေ ဖြစ်ပေါ်လာပြီး ဒုတိယကမ္ဘာစစ်ကြီးကို ထပ်မံရင်ဆိုင်ခဲ့ရတဲ့ ဖြစ်ရပ်ရယ်၊

ဒုတိယကမ္ဘာစစ်အပြီးမှာတော့ ဒီအမှားကို ပြင်တဲ့အနေနဲ့ အမေရိကန်ဦးဆောင်သော မဟာမိတ်နိုင်ငံများဟာ မာရှယ်စီမံကိန်းဖြင့် စီးပွားရေး အကူအညီတွေ၊ နည်းပညာအကူအညီတွေ ပေးခဲ့မှုကြောင့် အရင်းရှင် (ဈေးကွက်) စီးပွားရေးတွေ တိုးတက်ဖြစ်ပေါ်လာပြီး အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်လာမှုက ဂျာမနီ၊ အီတလီ၊ ဂျပန်အစိုးရ အုပ်စိုးသူတွေ ကိုယ်တိုင်က ဒီမိုကရေစီနိုင်ငံတွေအဖြစ် ကူးပြောင်းခဲ့တဲ့ ဖြစ်ရပ်သင်ခန်းစာတွေကို မျက်ကွယ်ပြုလျစ်လျူရှုတဲ့ လုပ်ရပ်ဖြစ်ပါတယ်။

ဒါတွင်မက **"မည်သည့်နိုင်ငံမျှ သို့မဟုတ် မည်သည့်နိုင်ငံ အစုအဖွဲ့မျှ အခြားနိုင်ငံ ပြည်တွင်းရေးကိစ္စများတွင်ဖြစ်စေ၊ နိုင်ငံခြားရေးရာတွင်ဖြစ်စေ၊ မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ၊ မည်သည့်နည်းလမ်းပုံစံများဖြင့် ဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရ။"**

"နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေး ပြဿနာများအား မမှန်မကန် အသုံးချခြင်းကို ရှောင်ကြဉ်ရမည်။"

"နိုင်ငံတိုင်းသည် နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံအစုအဖွဲ့အချင်းချင်း တည်ငြိမ်မှုပျက်ပြားအောင် အကျပ်ကိုင်လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရမည်" ဆိုတဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်များကို ဆက်လက်ဆန့်ကျင်ချိုးဖောက်နေတဲ့လုပ်ရပ်လည်း ဖြစ်ပါတယ်။

အမေရိကန်အစိုးရဟာ 'ကိုဆိုဗိုအရေး' မှာ ဒီလိုမမှန်မကန် ဝင်ရောက်စွက်ဖက်ဖိအားပေးမှုကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း ယခုတိုင် မရနိုင်၊ ထို့အတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်း မတည်ဆောက်နိုင်လို့ နေတိုးစစ်အင်အားနဲ့ ထိန်းသိမ်းပေးနေရဆဲ ဖြစ်ပါတယ်။

ဒါတွေကို အလေးအနက် သုံးသပ်သင်ခန်းစာယူသင့်ပါလျက် ယနေ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာတွေမှာ ၁၅ နှစ်တိုင်တိုင် မမှန်မကန် တစ်ဖက်စောင်းနင်း ဝင်ရောက်စွက်ဖက် ဖိအားပေးမှုတွေဟာ ဘာကောင်းကျိုး တစ်ခုမှ ဖြစ်ပေါ်တိုးတက်လာတာမရှိပါဘဲလျက် ယခုလို ဆက်လက်ဖိအားပေးနေမှုဟာ "ကျား–ကျား မီးယပ်ကုထုံးနည်း" ကို ဆက်လုပ်နေတာ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်က တပ်မတော်အစိုးရနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှေ့ဆောင် အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ ပဋိပက္ခတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေကို လေ့လာကြည့်လျှင် "မှန်ကန်သော ရှုမြင်ချက် တစ်ရပ်ဟာ ရုပ်တကယ် အမှန်ရှိမှုနဲ့ တကယ်အမှန်ရှိတဲ့ ရုပ်အပေါ်မှ ရောင်ပြန်ဟပ်ယူမှုမှာ မူတည်တယ်" ဆိုတဲ့ ပြဿနာတွေ၊ ဖြစ်ရပ်တွေကို မှန်ကန်စွာ ချဉ်းကပ်ရှုမြင်ရေး သစ္စာတရားမှ သွေဖည်ပြီး ၁၉၈၈ အရေးအခင်းကာလမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို **ယခင်တည်ဆဲအစိုးရကလည်း မထိန်းသိမ်းနိုင်၊ အရေးအခင်းအပေါ် ဩဇာသြောင်းတဲ့ ခေါင်းဆောင်မှုရနေသူတွေကလည်း မထိန်းသိမ်းနိုင်တဲ့** အနေအထားကြောင့် မင်းမဲ့တိုင်းပြည် အနေအထားရောက်နေတဲ့ အခြေအနေကို လက်ပိုက်ကြည့်နေလို့ မဖြစ်တော့တဲ့ အနေအထားမှာ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူခဲ့ရတဲ့ တကယ့်ဖြစ်ရပ်ရယ်၊

> **နိုင်ငံတကာမှ ထင်ရှားတဲ့ပါမောက္ခတွေ၊ ပညာရှင်တွေကလည်း စီးပွားရေး ပိတ်ဆို့မှုကြောင့် ဒီမိုကရေစီလည်း ဖြစ်ပေါ်မလာနိုင်၊ မြန်မာနိုင်ငံက တပ်မတော်အစိုးရလည်း ပြုတ်မကျနိုင်ဘူးလို့ ပြောဆိုနေကြပါလျက် ပြည်တွင်း၊ ပြည်ပမှ အစိုးရ ဆန့်ကျင်ရေး ဝါဒီတွေရယ်၊ အနောက်အုပ်စု နိုင်ငံတွေရှိ ဒီမိုကရေစီရေး ထောက်ခံအားပေးနေပါတယ် ဆိုသူတွေရယ်တို့ဟာ မြန်မာနိုင်ငံကို စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့ဖိအားပေးမှုတွေကို တစ်ဆင့်ထက်တစ်ဆင့် တိုးမြှင့်ဖိအားပေးဖို့ပဲ ကြိုးစားနေကြပါတယ်။**

နဝတအစိုးရဟာ နိုင်ငံတော်အာဏာကို ရယူပြီးတာနဲ့ တစ်ပြိုင်နက် ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီ အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်လှစ်ပေးခြင်းဖြင့် အရေးအခင်းရဲ့ လူထုဆန္ဒကို ကိုယ်စားပြုခဲ့တာရယ်၊

စိုးရိမ်ကြောက်လန့်မှုကြောင့် ပြည်ပကို ထွက်ပြေးသူတွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေအားလုံးကို ဘာမှအရေးမယူဘဲ ပြန်ခေါ်ကြိုဆိုခဲ့တာရယ်ဆိုတဲ့ တကယ့်ဖြစ်ရပ်တွေကို မျက်ကွယ်ပြု လျစ်လျူရှုပြီး ဒီမိုကရေစီရေး ချိုးနှိမ်ချေမှုန်းတဲ့ စစ်တပ်ရဲ့ အာဏာသိမ်းမှုအဖြစ် အစိုးရဆန့်ကျင်ရေးဝါဒီတွေက စိတ္တဇအစွဲနဲ့ ရှုမြင်ခံယူခဲ့ကြတယ်။

အနောက်အုပ်စု မီဒီယာလောကသားတချို့ကလည်း မမှန်မကန် လုပ်ကြံဇာတ်လမ်းတွေနဲ့ ဘီဘီစီ၊ ဗွီအိုအေအသံလွှင့်ဌာနတွေက အသံလွှင့်ပြီး နိုင်ငံတော်အစိုးရကို ပြည်သူတွေက အထင်လွဲမှန်းတီးအောင် ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြသလို အမေရိကန်လွှတ်တော်အမတ်တချို့ကလည်း အစိုးရဆန့်ကျင်ရေးဝါဒီတွေအတွက် အခါတော်ပေး ပုဏ္ဏားတွေ လုပ်ခဲ့ကြတယ်။

သက်ရောက်လာတဲ့အကျိုးကတော့ နိုင်ငံတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် လုပ်ကြံပုံဖော်ပြီး အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီ ရမယ်ဆိုတဲ့ "အကျိုးကို အကြောင်းလုပ်ထားတဲ့" ဒီမိုကရေစီ ဖော်ဆောင်ရေး သဘောတရား အယူမှားနဲ့ တပ်မတော်အစိုးရကို အပြုတ်တိုက်ပြီး အာဏာရယူရေးဟာ ဒီမိုကရေစီရေး(မဟာဗျူဟာ) ရည်မှန်းချက်ဖြစ်သလို ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေးဟာလည်း ဒီမိုကရေစီဖော်ဆောင်ရေး(နည်းဗျူဟာ)အဖြစ် ကျင့်သုံးလာခဲ့ပါတယ်။

၁၉၈၉ ခုနှစ် ဇူလိုင်လ အာဇာနည်နေ့မှာ နိုင်ငံရေးပါတီတွေ အားလုံးမှ တစ်ပါတီလျှင် ကိုယ်စားလှယ် ၁၀ ဦးကျ ပါဝင်ပြီး အာဇာနည်နေ့ ပူးပေါင်းကျင်းပရေးအတွက် အစိုးရရဲ့ ဖိတ်ခေါ်ချက်ကို ဆန့်ကျင်ပြီး အာဇာနည်နေ့ဟာ လူတိုင်းမှာ ကျင်းပပိုင်ခွင့်ရှိတယ်၊ ဒါကြောင့် စင်ပြိုင်အာဇာနည်နေ့ကျင်းပပြီး လူထုလှုပ်ရှားမှုလုပ်ရန် ကြံစည် စီစဉ်ခဲ့မှုနဲ့ နဝတအစိုးရ ဆန့်ကျင်ရေးလုပ်ဆောင် ပြောဆိုမှုတွေကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်မှာ အကန့်သတ်ခံလိုက်ရတယ်။

နဝတအစိုးရဟာ မိမိချမှတ်ထားတဲ့ လုပ်ငန်းစဉ်(၄)ရပ်အတိုင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတွေ လုံခြုံချောမွေ့စေရေး ကြိုးပမ်းအောင်မြင်မှုအရ ၁၉၉၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ထုံးတမ်းစဉ်လာနှင့်အညီ အာဏာလွှဲပြောင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အသိပေးခဲ့တာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆန့်ကျင်ငြင်းဆန်ခဲ့တယ်။

နဝတအစိုးရဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ကို အားသွန်ခွန်စိုက် မနေမနား ကြိုးစားလုပ်ဆောင်အကောင်အထည်ဖော်နေသော်လည်း ဒီလို နဝတအစိုးရရဲ့ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်အားလုံးကို တစ်ခုမှ အကောင်းမပြောဘဲ အဆိုးဘက်က ရှုမြင်ဝေဖန် ပုတ်ခတ်မှုတွေဖြင့်သာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုဝေဖန်နေကြတယ်။

တစ်ဖက်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တိုင်းပြည်ရဲ့ စီးပွားရေးတွေကျဆင်းပြီး လူထုတွေ ဆင်းရဲကျပ်တည်းကုန်မှ ၁၉၈၈ လူထုဆူပူလှုပ်ရှားမှုမျိုးနဲ့ တည်ဆဲအစိုးရကို ဖြုတ်ချ၊ မိမိပါတီအာဏာရရေး ရှေးရှုပြီး အနောက်အုပ်စုနိုင်ငံတွေကို စီးပွားရေးပိတ်ဆို့ဖို့၊ နိုင်ငံခြားခရီးသွားဧည့်သည်တွေ မလာဖို့ တောင်းဆိုခဲ့တာကို အမေရိကန်အစိုးရနဲ့ အနောက်အုပ်စုတွေက တက်တက်ကြွကြွ အားပေးကူညီခဲ့ကြတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ငြင်းဆန် တာဝန်ပျက်ကွက်နေမှုကို တာဝန်ရှိသူတွေက လျစ်လျူရှု မနေနိုင်တော့လို့ ၁၉၉၃ ခုနှစ်မှာ သက်ဆိုင်သူတွေ အားလုံးကို နိုင်ငံတော်အစိုးရ(တပ်မတော်)က ဖိတ်ခေါ်ဆွေးနွေးညှိနှိုင်းပြီး အမျိုးသားညီလာခံကို ရှေ့ဆောင်တာဝန်ယူကျင်းပပေးခဲ့တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၈၆ ဦး တက်ရောက်ခဲ့တယ်။

အမျိုးသားညီလာခံပြီးမြောက်ခါနီး အခြေအနေရောက်လာတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်တွင် ကန့်သတ်ထားရာမှ ပြန်လွှတ်ပေးခဲ့တယ်။ မကြာခင်မှာပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး "မယ်ဒလင်းအောဘရိုက်" ရောက်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ သွားတွေ့ခဲ့တယ်။ မယ်ဒလင်းအောဘရိုက် ပြန်သွားပြီး မကြာခင်မှာပဲ အစိုးရနဲ့ NLDတွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်ကို NLDကိုယ်စားလှယ်တွေက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံ တင်ပြတာကို အကြောင်းမပြန်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ညီလာခံက ထွက်ခွာခဲ့ကြတဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအကောင်အထည် မပေါ်ခဲ့ဘဲဖြစ်ခဲ့ရတယ်။

ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်ပြီးနောက် စနေ၊ တနင်္ဂနွေနေ့တိုင်းမှာ ၎င်းရဲ့ ခြံဝင်းအပြင်လမ်းမှာ အစိုးရဝေဖန်ဆန့်ကျင်တဲ့ ဟောပြောပွဲတွေ လုပ်ခဲ့တယ်။ နောက်ပိုင်းမှာ လမ်းပိတ်ဆို့မှု အခက်အခဲကို လူထုက တင်ပြလာမှုကြောင့် ပိတ်ပင်လိုက်ရတယ်။

အဲဒီနောက်မှာတော့ စင်ပြိုင်အစိုးရဖော်ဆောင်ရေး ရည်ရွယ်ချက်ဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းပြီး လွတ်လပ်စွာ လှုပ်ရှားခွင့် ကြွေးကြော်သံနဲ့ စည်းရုံးရေးထွက်ရန် ကြိုးပမ်းမှုတွေကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒုတိယအကြိမ် အိမ်တွင်းကန့်သတ်မှု ခံရပြန်တယ်။

ကုလသမဂ္ဂကိုယ်စားလှယ် ရာဇာလီအစ္စမေး လူးလာ ခေါက်ပြန်လာရောက်ပြီး ဆွေးနွေးညှိနှိုင်း စေ့စပ်ပေးမှုကြောင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေးအဆင့်ကို ရောက်ခဲ့တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ကန့်သတ်မှုမှ ပြန်လွှတ်ပေးခဲ့တယ်။

ပြန်လွှတ်စမှာ တပ်မတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး ပြောခဲ့သေးတယ်။ ဒီလိုအခြေအနေတွေအရ တပ်မတော်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်အနှံ့ သွားလာလှုပ်ရှားခွင့်ပြုပြီး နိုင်ငံတော်အစိုးရရဲ့ ပြုပြင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းတွေကို ဝင်ရောက်လေ့လာရာမှာ ၎င်းကို အရေးကြီးပုဂ္ဂိုလ်အဖြစ် သက်ဆိုင်ရာတွေက လက်ခံဆက်ဆံမှုတွေ လုပ်ခဲ့တယ်။

နောက်ပိုင်း ဒေသအချို့ကို သွားလာလှုပ်ရှားအပြီးမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ယခင်သဘောထားတွေမှ အပြောင်းအလဲမရှိဘဲ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်တဲ့သဘောထား ယခင်အတိုင်းပဲ ဆက်လက်ရှိတယ်ဆိုတဲ့ ပြောဆိုမှုရှိလာပြန်တယ်။

အထက်မြန်မာပြည်ခရီးစဉ်မှာ မိုးကုတ်မြို့တွင် "ဒီမိုကရေစီ ဘယ်တော့ရမလဲ" ဆိုပြီး လူထုထဲက အမေးကို "မိုးကုတ်သားတွေလို သတ္တိရှိရင် မြန်မြန်ရမှာပေါ့" လို့ အဖြေပေးခြင်း၊ ဝန်းသိုဘက်တွင် ပြည်ခိုင်ဖြိုးအဖွဲ့ကို ဝေဖန်ပုတ်ခတ်မှုကြောင့် ကသာတွင် ပြည်ခိုင်ဖြိုးနဲ့ အစိုးရထောက်ခံသူတွေက တုံ့ပြန်ဆန္ဒပြမှုကြောင့် ပဋိပက္ခအသွင်ဆိုက်ရောက်ခဲ့ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဝင်ရောက်ဖြေရှင်းပေးခဲ့ရတယ်။ ဒီပဲယင်းအရောက်တွင် နှစ်ဖက်ထောက်ခံကြတဲ့ လူထုချင်းပဋိပက္ခဖြစ်မှုဖြင့် နိဂုံးချုပ်ခဲ့ရပါတယ်။

တပ်မတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး လိုက်လျောမှုတွေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးမှုတိုင်းကို နိုင်ငံတကာဖိအားပေးမှုကြောင့် အစိုးရက အလျှော့ပေးလိုက်လျောမှုတွေအဖြစ် အစိုးရဆန့်ကျင်ရေးဝါဒီတွေက လွဲမှားစွာ ခံယူနေကြတာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

အီရတ်မြောက်ပိုင်း ရေနံပိုက်လိုင်း တိုက်ခိုက်ခံရ၍ ရေနံတင်ပို့မှုရပ်ဆိုင်း

ဘဂ္ဂဒက် စက်တင်ဘာ ၃

တူရကီနိုင်ငံသို့ ဆက်သွယ်ထားသည့် အရေးပါသော ရေနံပိုက်လိုင်းတစ်ခုမှာ အကြီးအကျယ် တိုက်ခိုက်ခံရပြီးနောက် အီရတ်နိုင်ငံမြောက်ပိုင်းမှ ရေနံတင်ပို့မှုမှာ ကြာသပတေးနေ့က ရပ်ဆိုင်းခဲ့ရကြောင်း အီရတ်မြောက်ပိုင်းရှိ ရေနံလုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

တူရကီသို့ ဆက်သွယ်သည့် ရေနံပိုက်လိုင်းကို ပိတ်ပစ်လိုက်ရကြောင်း အာမက်ဟက်ဆန်ဂါဖစ်က ပြောကြားသည်။ ၎င်းသည် အီရတ်မြောက်ပိုင်း သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းများ လုံခြုံရေးဌာန အကြီးအကဲဖြစ်သည်။

ယနေ့ မွန်းလွဲပိုင်းက တိုက်ခိုက်ခံရသည့် အီရတ်–တူရကီ ရေနံပိုက်လိုင်းသည် လက်မ ၄၀ ခန့် အကျယ်ရှိပြီး ယင်းသို့ တိုက်ခိုက်ခံရမှုသည် လွန်ခဲ့သည့် တစ်နှစ်ခွဲက ရေနံလုပ်ငန်းကို တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း အကြီးမားဆုံးဖြစ်သည်ဟု ယူဆနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဗုံးဖြင့်တိုက်ခိုက်

ကယ်ကွတ်မြို့ တောင်ဘက် ကီလိုမီတာ ၅၀ အကွာ ရီယက်မြို့အနီးရှိ ရေနံပိုက်လိုင်းနှင့် ကပ်လျက် လမ်းမပေါ်တွင် ညနေ ၆ နာရီခွဲ၌ ဗုံးဖြင့်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရေနံပေါကွဲယိုဝသည့် အဆိုပါမြို့မှာ မီးခိုးလုံးကြီးများဖြင့် မှောင်ပိတ်သွားသည်။

တိုက်ခိုက်ခံရ

ရေနံပိုက်လိုင်းမှာ တူရကီနိုင်ငံဘက်သို့မသွားမီ ဘေဂျီမြို့ရှိ အီရတ် နိုင်ငံ၏ အကြီးဆုံး ရေနံချက်စက်ရုံသို့ ဦးတည် ဖောက်လုပ်ထားသည့် တောင်ဘက်ပိုင်းကို တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

ကနဦး အစီအစဉ်တစ်ရပ်အနေဖြင့် ရေနံများ ပျံ့နှံ့မှုမဖြစ်စေရေးအတွက် မီးသတ်ဌာန၊ အမျိုးသားအစောင့်တပ်ဖွဲ့နှင့် အီရတ် ရဲတပ်ဖွဲ့တို့က အားထုတ်ကြိုးပမ်းလျက်ရှိသည်။ ရေနံပိုက်လိုင်း တိုက်ခိုက်ခံရမှုကြောင့် ဖြစ်ပွားသည့် မီးကို ငြိမ်းသတ်နိုင်ရန် ၄၈ နာရီမှ ၇၂ နာရီထိ ကြာမြင့်မည်ဖြစ်ကြောင်း တွက်ဆထားသည်။

ကယ်ကွတ်မြို့သည် မကြာသေးမီက နေ့စဉ်ရေနံပီပါ ၆၀၀၀၀၀ မှ ၈၀၀၀၀၀ အထိကို တင်ပို့ပေးလျက်ရှိသည်။ အီရတ် ရေနံလုပ်ငန်းကို ထပ်ကာတလဲလဲတိုက်ခိုက်ခံရမှုကြောင့် အီရတ်နိုင်ငံအတွက် ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ကျော် နစ်နာဆုံးရှုံးနေရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

မိုဆူးလ်မြို့၌ စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲ အီရတ်ရဲအရာရှိ တစ်ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသရှိ မိုဆူးလ်မြို့မှ အစိုးရအဆောက်အအုံအနီး စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲသဖြင့် ရဲအရာရှိတစ်ဦး သေဆုံးပြီး အခြားရဲအရာရှိတစ်ဦး အပါအဝင် အရပ်သား ၁၈ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တွန်းလှန်တိုက်ခိုက်

မိုဆူးလ်မြို့လယ်ကောင်တွင် မွန်းမတည့်မီအချိန်က ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ မိုဆူးလ်မြို့သည် ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ ၄၀၀ ခန့်ကွာဝေးပြီး အီရတ်နိုင်ငံသိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား တွန်းလှန်တိုက်ခိုက်သည့်နေရာဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ရောမချိုင့်ကြီးဖြစ်နေသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဖော်လူဂျာမြို့ကို အမေရိကန်က လေကြောင်းမှတိုက်ခိုက်၊ အရပ်သား ၁၇ ဦး သေဆုံး

ဖော်လူဂျာ စက်တင်ဘာ ၃

အာဘူမူဆာအယ်လ်ဇာကာဝီနှင့် အဆက်အစပ်ရှိသော အီရတ် ခုခံတိုက်ခိုက်ရေးသမားများက အသုံးပြုနေသည်ဟု ကန်တပ်ဖွဲ့က ယူဆသော အီရတ်နိုင်ငံ ဖော်လူဂျာမြို့မှ အဆောက်အအုံနှစ်ခုကို အမေရိကန်က ညပိုင်း၌ လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ လူ ၁၇ဦး သေဆုံးကြောင်း ဆရာဝန်များက ပြောကြားသည်။

လယ်ကွင်းများ ပတ်ပတ်လည် ဝိုင်းနေသောပစ်မှတ်အဖြစ် တိုက်ခိုက်ခဲ့သော အဆောက်အအုံနှစ်ခုမှာ ဇာကာဝီ၏ အပေါင်းပါများ ပုန်းအောင်းရာနေရာများနှင့် အစည်းအဝေးကျင်းပရာ နေရာများအဖြစ် အသုံးချကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဒဏ်ရာရရှိ

အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ကလေးငယ်သုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် အဘိုးအိုတစ်ဦး အပါအဝင် အလောင်း ၁၇ လောင်းကို ဆေးရုံသို့ သယ်ဆောင်လာကြောင်းနှင့် ယင်းတိုက်ခိုက်မှုကြောင့် လူ ၁၄ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဖော်လူဂျာမြို့ဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။

တိုက်ခိုက်

သေဆုံးသူများထဲတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ သို့မဟုတ် နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ ပါဝင်ခြင်း ရှိ–မရှိကို ရှင်းလင်းပြတ်သားစွာ မသိရှိရသေးပေ။ အယ်လ်ဇာကာဝီနှင့် အဆက်အသွယ်ရှိသည့် တိုက်ခိုက်ရေးသမားများက အသုံးပြုနေသည်ဟု အမေရိကန်က ပြောဆိုနေသည့် ဖော်လူဂျာမြို့မှ ပစ်မှတ်များကို မကြာသေးမီလများအတွင်းက အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ပစ်မှတ်

ဂျော်ဒန်နိုင်ငံဖွား ဇာကာဝီသည် အီရတ်နိုင်ငံ၌ ၎င်းတို့အတွက် အဓိကပစ်မှတ်ဖြစ်သည်ဟု အမေရိကန်တို့က ပြောဆိုနေသည်။

အင်တာနက်။

သေနတ်သမားများလက်ချက် အေပီသတင်းဌာနမှယာဉ်မောင်းသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၃

အေပီသတင်းဌာနမှ ကားမောင်းသူကို ၎င်း၏အိမ်အနီး၌ သေနတ်သမားများက ပစ်သတ်သွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆွေမျိုးသားချင်းများထံမှလာသော သတင်းများက ဆိုသည်။

သေဆုံး

ပစ်ခတ်မှု ဖြစ်ပွားသောနေရာသည် ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို ထောက်ခံမှုအားကောင်းသော ဆွန်နီများနေထိုင်ရာ ဂါဇာလီယာအရပ်တွင် ဖြစ်သည်။ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ပစ်ခတ်သွားသည့်အတွက် ယာဉ်မောင်း အစ္စမေလ်တာ ဟာမိုရှင်မှာ သေဆုံးသွားပြီး ၎င်းမောင်းလာသော ကားမှာ ကျည်ဆန်ရာများ ဆန်ကာပေါက် ဖြစ်ကုန်ကြောင်း သိရသည်။

အီရတ် ခေါင်းဆောင်ဟောင်း ဆက်ဒမ် ရာထူးမှ ဖယ်ရှားခံရပြီးနောက်ပိုင်း ဖြစ်ပွားသော ၁၆ လတာ ခုခံဆန့်ကျင်မှုများအတွင်း နိုင်ငံခြားသားများနှင့်တွဲ၍ အလုပ်လုပ်သူများစွာမှာ အသတ်ခံခဲ့ကြရသည်။

ကြိုးစား

တိုက်ခိုက်ရေးသမားများက နိုင်ငံခြားတပ်ဖွဲ့များကို အီရတ်မှထွက်သွားစေရန် ကြိုးစားလျက်ရှိကြပြီး နိုင်ငံခြားသားများနှင့်တွဲ၍ အလုပ်လုပ်သူများကို သစ္စာဖောက်များအဖြစ် သဘောထားကြသည်။

ဂါဇာလီယာအရပ်သည် အမေရိကန်ယာဉ်တန်းများ မကြာခဏ အတိုက်ခိုက်ခံရသော နေရာလည်းဖြစ်သည်။

အင်တာနက်။

ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် ကားများကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အခက်အခဲကြုံတွေ့နေရ ကမ္ဘာ့ချမ်းသာသောနိုင်ငံများက ၎င်းတို့၏ကတိအတိုင်း ဖြည့်ဆည်းမှုမရှိ

ကုလသမဂ္ဂ စက်တင်ဘာ ၃

ကမ္ဘာ့ချမ်းသာသောနိုင်ငံများသည် ၎င်းတို့၏ ကတိကဝတ်များအတိုင်း ဖြည့်ဆည်းပေးရန် နှောင့်နှေးနေကြခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မျိုးပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၌ ကြိုးပမ်းဆောင်ရွက်ချက်များ အခက်အခဲများ တွေ့ကြုံနေရကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလက ကျင်းပခဲ့သည့် ကုလသမဂ္ဂ လူဦးရေညီလာခံတွင် ချမ်းသာသော နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အမေရိကန် ဒေါ်လာ ၆ ဒသမ ၁ ဘီလျံ ထောက်ပံ့ကူညီရန် ကတိပြုခဲ့သော်လည်း ဖော်ပြပါငွေကြေးပမာဏ၏ ထက်ဝက်ခန့်ကိုသာ ထောက်ပံ့ပေးခဲ့ကြောင်း ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ သိုယာအာမက် အိုဘိတ်က ပြောကြားသည်။

နိုင်ငံတကာ လူဦးရေနှင့်ဖွံ့ဖြိုးရေး ညီလာခံ၏ ၁၀ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကြီးမှူးကျင်းပသော နိုင်ငံတကာ ဆွေးနွေးပွဲတစ်ရပ်တွင် မိန့်ခွန်းပြောကြားရာ၌ အိုဘိတ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ လူဦးရေနှင့်ဖွံ့ဖြိုးရေး ညီလာခံနှင့် အကျုံးဝင်သော နိုင်ငံများသည် ညီလာခံမှ ချမှတ်ခဲ့သော ရေ့လုပ်ငန်းစဉ်ကို ၎င်းတို့၏ အမျိုးသားမူဝါဒများနှင့် ပေါင်းစပ်ထည့်သွင်းခဲ့ကြပြီး မူဝါဒရေးရာ အကောင်အထည်ဖော်မှုများ ပြုလုပ်ရန် ဒေသဆိုင်ရာ ညီလာခံများတွင် ကတိကဝတ်ပြုခဲ့ကြသော်လည်း ချမ်းသာသောနိုင်ငံများထံမှ အကူအညီပေးမှုကို ထိထိရောက်ရောက် မရရှိကြကြောင်း အိုဘိတ်က ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ပြင်သစ်ဓားစာခံနှစ်ဦး အသက်ရှင်နေဆဲဟု မျှော်လင့်

ပါရီ စက်တင်ဘာ ၃

အီရတ်နိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ပြင်သစ်သတင်းစာဆရာနှစ်ဦးမှာ ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းအထိ အသက်ရှင်လျက်ရှိနေသေးကြောင်းကို ပြင်သစ်အာဏာပိုင်များက သေချာပေါက်နီးပါးတွက်ဆထားကြကြောင်း လီဖီဂါရို ပြင်သစ်သတင်းစာ စာတည်းမှူးချုပ် ဂျင်းဒီဘီလော့က ပြင်သစ်ရေဒီယိုသို့ ကြာသပတေးနေ့က ပြောကြားသည်။ ပြင်သစ်သတင်းစာဆရာနှစ်ဦး အသက်ရှင်ထင်ရှားရှိနေဆဲဟု မိမိမျှော်လင့်ကြောင်းနှင့် ၎င်းတို့နှစ်ဦးအား ကယ်တင်ရေးအတွက် ဆွေးနွေးပွဲများပြုလုပ်ရန် အီရတ်သို့စေလွှတ်ထားသော သံတမန်အချို့နှင့် သွယ်ဝိုက်၍လေးနက်သည့် အဆက်အသွယ်များရှိကြောင်း ဒီဘီလော့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်နိုင်ငံကိစ္စ အမေရိကန်ဖိအားပေးမှု ဆီးရီးယားနိုင်ငံ သတင်းစာ ပြစ်တင်ဝေဖန်

နိုင်ငံတကာ သတင်းများ

ဒမတ်စကတ် စက်တင်ဘာ ၃

တီရှရင်သတင်းစာသည် ဆီးရီးယား အစိုးရအာဘော်သတင်းစာဖြစ်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် လက်ဘနွန်နိုင်ငံဆိုင်ရာ အချုပ်အခြာ အာဏာကို ဆီးရီးယားနိုင်ငံအနေဖြင့် လေးစားရန်ကိစ္စကို မဲခွဲရာ၌ အမေရိကန်သည် အခြားသော နိုင်ငံများ အပေါ် ဖိအားပေးခဲ့သည်။ ထိုကိစ္စအတွက် အစိုးရအာဘော် တီရှရင်သတင်းစာက အမေရိကန်နိုင်ငံကို ဝေဖန်ပြစ်တင်လိုက်သည်။

ယုံကြည်မှုအတွက်

အမေရိကန်နိုင်ငံက လက်ဘနွန်နိုင်ငံအတွင်း သော်လည်းကောင်း၊ အခြား အာရပ်နိုင်ငံများအတွက် သော်လည်းကောင်း စိုးရိမ်ပူပန်ကြောင်း ဖော်ပြချက်ကို မည်သူကမျှ ယုံကြည်လိမ့်မည်မဟုတ်ကြောင်း၊ အကြောင်းရင်းမှာ အမေရိကန်၏ လုပ်ရပ်နှင့် မူဝါဒသဘောထားများမှာ လက်တွေ့ဖြစ်ရပ်များနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းပင် ဖြစ်နေသောကြောင့်ဖြစ်ကြောင်း ဆီးရီးယားသတင်းစာ၏ ခေါင်းကြီးပိုင်းက ရေးသားလိုက်သည်။

လက်ဘနွန်နိုင်ငံ၏ သမ္မတနှင့် ပတ်သက်သော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးရာ၌ လက်ဘနွန်ပါလီမန် တစ်ခုတည်းကသာလျှင် အဆုံးအဖြတ်ပေးခွင့်ရှိသည်။ အခြားမည်သည့် ပြည်ပနိုင်ငံကမျှ ဝင်ရောက် ဖိအားပေးသော လုပ်ရပ်သည် လက်ဘနွန်ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက် စွက်ဖက်သော လုပ်ရပ်သာဖြစ်ပေသည်ဟု အယ်ဒီတာ့အာဘော်တွင် ဖော်ပြလိုက်သည်။

ရန်လိုမှု

လက်ဘနွန်သမ္မတ ရွေးချယ်ရေးနှင့် ပတ်သက်သော အမေရိကန်နိုင်ငံ၏ ပြောဆိုချက်သည် အခြေခံ အားဖြင့် လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံအပေါ် ရန်လိုသော အမေရိကန်မူဝါဒ၏ လုပ်ဆောင်မှုပင်ဖြစ်ကြောင်း တီရှရင်သတင်းစာက ရေးသားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာကူဘာမြို့ အပြင်ဘက် လမ်းတစ်လမ်းပေါ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်သတင်းထောက်များကို လွှတ်ပေးရန် ရှိုးယိုက်ခေါင်းဆောင် ဆာဒါ၏ရုံးက ကြေညာ

ကိုင်ရို စက်တင်ဘာ ၃

အီရတ်တွင် ၁၀ ရက်ကြာမျှ ဖမ်းဆီးခြင်းခံနေရသော ပြင်သစ်သတင်းထောက် ဓားစာခံနှစ်ဦးကို ချက်ချင်းပြန်လွှတ်ပေးရန် ရှိုးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ရုံးက ကြေညာလိုက်ကြောင်း ကာတာအခြေစိုက် အယ်ဂျာဇီယာ ရုပ်/သံသတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

ဆာဒါအုပ်စုသည် စစ်ရေးနည်းထက် ငြိမ်းချမ်းသောနည်းကို ဦးစားပေးနည်းလမ်းအဖြစ် လက်ခံပြီး ကျင့်သုံးသွားမည်။ ပြင်သစ်သတင်းသမားနှစ်ဦးကို လွှတ်ပေးခြင်းဖြင့် ပြင်သစ်နှင့် ဆက်ဆံရေး ပို၍ခိုင်မြဲရေးကို အထောက်အကူပြုမည်။ ပြင်သစ်နိုင်ငံသည် အီရတ်ပြည်သူများကို အထောက်အကူပြုနေသော နိုင်ငံသာဖြစ်သည်ဟု ခေါင်းဆောင် ဆာဒါ၏ရုံးမှ ရှိတ်ယူဆွပ်အယ်နာဆရီက ပြောကြားခဲ့ကြောင်း အယ်ဂျာဇီယာ ရုပ်/သံက သတင်းထုတ်လွှင့်သည်။

ဩဂုတ် ၂၈ ရက် တနင်္ဂနွေနေ့နှောင်းပိုင်းက အစ္စလမ္မစ်တပ်ဖွဲ့ဟု ခေါ်တွင်သောအဖွဲ့က ပြင်သစ်သတင်းသမားများကို ဖမ်းဆီးထားကြောင်း ထုတ်ပြန်ခဲ့သည်။ အဖမ်းခံ ပြင်သစ်သတင်းသမား ဂျော့ဂျစ်မာလ်ဘရူနော့သ်မှာ ပြင်သစ်သတင်းစာ လီဖီဂါရိုအတွက် အလုပ်လုပ်နေသူဖြစ်ပြီး အသက် ၃၇ နှစ်ရှိ ခရစ္စတင်းချက်စ်နော့သ်မှာ ပြင်သစ်ရေဒီယိုမှ သတင်းထောက်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့စွန်ရှိ ရေနံပိုက်လိုင်း ဖျက်ဆီးခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့စွန် တစ်နေရာရှိ ပြည်ပပို့ ရေနံပိုက်လိုင်း တနင်္လာနေ့က တိုက်ခိုက်ခံရကြောင်း၊ ယင်းမှာ အီရတ်နိုင်ငံ၏ ပြည်တွင်းနှင့် ပြည်ပပို့ ရေနံလုပ်ငန်းကွန်ရက်ကို ပစ်မှတ်ထားသည့် နောက်ဆုံးဖြစ်ရပ်ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မီးသတ်သမားများသည် ဘဂ္ဂဒက် အရှေ့တောင်ပိုင်းဒေသရှိ မီးလောင်နေသော ရေနံပိုက်လိုင်းကို မီးငြိမ်းသတ်ပုံကို ရိုက်တာရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်လွှင့်ပြသသည်။ ယင်းရေနံပိုက်လိုင်းမှာ နံနက်စောစောပိုင်းက တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံမြောက်ပိုင်း ရီယက်မြို့အနီးတွင် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓားစာခံသုံးဦး ပြန်လည်လွတ်မြောက်မှု ကင်ညာအစိုးရ အတည်ပြုပြောကြား

နိုင်ရိုဘီ စက်တင်ဘာ ၃

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် တစ်လကျော်ခန့်က ပြန်ပေးဆွဲခံခဲ့ရသည့် ကင်ညာနိုင်ငံသားသုံးဦး ပြန်လည်လွတ်မြောက်လာမှုကို ကင်ညာအစိုးရက ဗုဒ္ဓဟူးနေ့ ညနေက အတည်ပြုပြောကြားလိုက်ပြီး ၎င်းတို့ မကြာမီ ကင်ညာနိုင်ငံသို့ ပြန်ရောက်လာကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံရသည့် မိမိတို့၏ ညီအစ်ကိုတော်များ လွတ်မြောက်လာသည့် အံ့ဩဖွယ်ကောင်းသော သတင်းများ ယနေ့ကြားသိရကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ အဲဖရက်မူကျူယာက နိုင်ရိုဘီတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဓားစာခံများ၏ လုပ်ငန်းရှင် ကူဝိတ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ငါးသိန်း ပြန်ပေးသမားများကို ပေးကမ်းခဲ့ပြီးနောက် ကင်ညာနိုင်ငံသား သုံးဦးနှင့်အတူ အခြားဓားစာခံများဖြစ်သည့် အီဂျစ်နိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသားသုံးဦးတို့ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း မူကျူယာက ဆက်လက်ပြောကြားသည်။

ကင်ညာအစိုးရက ပြန်ပေးသမားများအား တစ်စုံတစ်ရာပေးကမ်းခြင်း မရှိခဲ့ပေ။

ကင်ညာနိုင်ငံသား သုံးဦးသည် ရေမိုးချိုးပြီး သင့်တင့်မျှတသည့် အစားအစာများ စားသုံးကာ ကင်ညာနိုင်ငံ သံအမတ်ကြီး ယူဆွတ်နဇီဘိုနှင့်အတူ ကူဝိတ်ဟိုတယ်တွင် ရောက်ရှိနေကြောင်း မူကျူယာက ပြောကြားသည်။ ကင်ညာနိုင်ငံသားသုံးဦး၏ ကျန်းမာရေး အခြေအနေ ကောင်းမွန်ပြီး ပျော်ရွှင်နေကြကြောင်း၊ သို့ရာတွင် မောပန်းနွမ်းလျနေကြောင်း၊ ၎င်းတို့ မိသားစုများအား ပြန်လည်ဆုံစည်းရန်အတွက် ရွှင်ပြမြူးထူးနေကြောင်း၊ ၎င်းတို့သည် ဘဂ္ဂဒက်မှ ကူဝိတ်သို့ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကင်ညာအစိုးရက ၎င်း၏နိုင်ငံသားသုံးဦးကို လွှတ်ပေးရန် မေတ္တာရပ်ခံခဲ့ပြီး ယင်းဓားစာခံများ လွတ်မြောက်ရေးအတွက် အာမခံချက်ရရှိစေရန် ဖြစ်နိုင်သမျှ နည်းမျိုးစုံသုံး၍ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်များ လျှော့ချရေး ဆွေးနွေးမည်

ဂျကာတာ စက်တင်ဘာ ၃

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများသည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် သုံးရက်ကြာ အစည်းအဝေးအတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများတွင် တင်းကျပ်ထားသည့် ကန့်သတ်ချက်များကို လျှော့ချသွားနိုင်ရေးအတွက် တွန်းအားပေး လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း မျှော်လင့်ရသည်ဟု ဆိုသည်။ အထက်ပါကိစ္စရပ်များတွင် ကန့်သတ်ချက်များ လျှော့ချရေးလုပ်ငန်းများကို ၂၀၀၇ ခုနှစ် အရောက်တွင် အပြီးဆောင်ရွက်ကြရဖွယ်ရှိသည်။

ယခုအစည်းအဝေးသည် (၃၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး(အေအီးအမ်) ဖြစ်သည်။ စီးပွားရေးဆိုင်ရာ ကန့်သတ်ချက်များကို လျှော့ချကြရာ၌ အာဆီယံစီးပွားရေးဝန်ကြီးများသည် အရေးပါသော စီးပွားရေးကဏ္ဍ ၁၁ ခုမှ ထွက်ကုန်များကို ယာယီအားဖြင့် အထက်ပါစာရင်းတွင် ထည့်သွင်းခြင်းမပြုဘဲ ထုတ်ပယ်ထားကြရန် လက်ခံကြလိမ့်မည်ဖြစ်ကြောင်း အီလီဇာရာဂျာဂုတ်က ပြောကြားသည်။ ၎င်းသည် အင်ဒိုနီးရှားနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သည်။

သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၌ အကန့်အသတ်များ လျှော့ချမည့်စာရင်းတွင် ပါဝင်ရမည့် ပစ္စည်းအမျိုးအမည်များ၊ မပါဝင်ရမည့် အမျိုးအမည်များကို ရေးဆွဲယူဆောင်လာကြသည်။ ထိုစာရင်းများကို သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ အာဆီယံအတွင်းဝန်များရုံးက စိစစ်သွားမည်ဖြစ်သည်ဟု အီလီဇာက ပြောကြားသည်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းစာက ဗုဒ္ဓဟူးနေ့သတင်းတွင် ဖော်ပြခဲ့သည်။

လုပ်ငန်းပစ္စည်းအမည်အချို့ကို ယာယီအားဖြင့် စည်းမျဉ်းလျှော့ချ လုပ်ဆောင်မှုကိစ္စများတွင် မပါဝင်စေဘဲ နုတ်ပယ်ထားသည့် သဘောတူညီမှုသည် လာမည့် ၂၀၁၀ ခုနှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်ဟု အီလီဇာက ပြောကြားခဲ့သော်လည်း ပါဝင်သောပစ္စည်းအမည်များ၏ အသေးစိတ်စာရင်းကို ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

၂၀၀၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် အာဆီယံဒေသ၌ ၂၀၂၀ ပြည့်နှစ်အရောက်တွင် စီးပွားရေးအသိုက်အမြုံတစ်ရပ်အဖြစ် ဖန်တီးထူထောင်သွားရန် သဘောတူညီခဲ့ကြသည်။ ထိုအခါ ဒေသအတွင်း၌ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်စည်များ၊ လုပ်သားအင်အားများသည် အတားအဆီးမရှိ လွတ်လပ်စွာ သွားလာလှုပ်ရှား ကူးလူးဆက်ဆံနိုင်ကြမည်ဖြစ်သည်။

ထိုထိပ်သီးအစည်းအဝေးသည် ဦးစားပေးကဏ္ဍ ၁၁ ခုတွင် ပါဝင်သောလုပ်ငန်း၊ ကုန်စည်အမျိုးအမည်များနှင့် ပတ်သက်သော အကန့်အသတ်များ လျှော့ချရေးကိစ္စကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရန် လက်ခံခဲ့ကြသည်။ ထိုလုပ်ငန်းပစ္စည်း အမျိုးအမည်များတွင် စက်ပစ္စည်းနှင့် ယာဉ်များမှသည် စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များအထိ ပါဝင်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြင်ကွင်း

ပျက်စီး

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် စိန်ပြောင်းကျည်များ ကျရောက် ပေါက်ကွဲမှုကြောင့် ပျက်စီးနေသော နေအိမ်တစ်လုံးကို စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မီးလောင်ကျွမ်း

အီရတ်နိုင်ငံ အယ်လ်ရက်ဂါးမြို့တွင် ရေနံပိုက်လိုင်း တစ်လိုင်း မီး လောင်ကျွမ်းလျက် ရှိသည်ကို ဩဂုတ် ၂၉ရက်က တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ အယ်လ်ဘာဂျီဆီယာမြို့တွင် ရေနံပိုက်လိုင်းများ မီးလောင်ကျွမ်းမှုကြောင့် အနီးရှိ တံတားတစ်ခု၏ ကတ္တရာလမ်း အရည်ပျော် ပျက်စီးနေသည်ကို ဩဂုတ် ၂၈ရက်က တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြို့တော်ဘဂ္ဂဒက်အနောက်ဘက် မာစ်မြို့တွင် တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသော ထရပ်ကားတစ်စီးကို ဩဂုတ် ၃၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁ရက်က တိုက်ခိုက်မှုတစ်ရပ်အတွင်း ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြို့တော်ဘဂ္ဂဒက်ဆင်ခြေဖုံး ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံတစ်လုံးကို စက်တင်ဘာ ၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ

စိုးအောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကျရောက်တိုင်း ကျင်းပလျက်ရှိရာ ကမ္ဘာ့ပြည်သူများ၏ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာ မည်မျှရှိသည်ကို ဖော်ညွှန်းပြသနေခြင်း ဖြစ်သည်။

မြန်မာလူမျိုးများသည် ပညာကို တန်ဖိုးထားလေးစားမြတ်နိုးတတ်သူများဖြစ်သည့်အပြင် နှစ်ပေါင်းထောင်ချီပြီး ရှည်လျားသောသမိုင်းစဉ်တစ်လျှောက်တွင် မြင့်မားသောယဉ်ကျေးမှုအဆင့်အတန်းရှိခဲ့၍ သူ့ကျွန်ဘဝ မရောက်မီက စာတတ်မြောက်မှုနှုန်း လွန်စွာမြင့်မားခဲ့သည်။ ကိုလိုနီလက်အောက် ကျရောက်ခဲ့သည့်၁၈၈၆ ခုနှစ်တွင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းမှာ ၈၅ ရာခိုင်နှုန်းကျော် ရှိခဲ့ရာမှ ကိုလိုနီလက်အောက် ကျရောက်စဉ် ပညာရေးကို ချုပ်ချယ်ခံခဲ့ရခြင်းကြောင့် လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းသာ ရှိတော့သည်။ တစ်နည်းအားဖြင့် စာမတတ်မြောက်သူ၆၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၆၃ ခုနှစ်တွင် စာမတတ်မြောက်သူ ၄၃ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် စာမတတ်မြောက်သူ ၂၁ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ နိုင်ငံသူ၊ နိုင်ငံသားအားလုံး စာတတ်မြောက်ရန် **"လူတိုင်းအတွက် ပညာရေး"** (Education for All) အစီအစဉ်ကိုချမှတ်ပြီး ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးကို ဆက်စပ်ပေး၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံး အသက်အရွယ်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာမရွေး အခြေခံစာတတ်မြောက်ရေးနှင့် စာတတ်မြောက်ပြီးသူများအတွက် ဆက်လက်လေ့လာဆည်းပူးနိုင်မည့် စဉ်ဆက်ပညာရေး ဖြစ်ထွန်းလာစေရေး ဟူသည့် မျှော်မှန်းချက်ကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။ လူတိုင်းအတွက် ပညာရေးအစီအစဉ်တွင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများ ဆက်စပ်ကာ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူခွင့်ရရှိစေရေးနှင့် သက်ကြီးစာမတတ်သူနှုန်းကို လျှော့ချရေး ဟူသော မျှော်မှန်းချက်များ ချမှတ်ကြိုးပမ်း ဆောင်ရွက်ခြင်းဖြစ်သည်။

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး လုပ်ငန်းစဉ်ကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ အသက်ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၉၀ ဒသမ ၉၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် ၉၁ ဒသမ ၅၁ ရာခိုင်နှုန်း၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်တွင် ၉၂ ဒသမ ၀၅ ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ၉၃ ဒသမ ၀၇ ရာခိုင်နှုန်းနှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ၉၅ ဒသမ ၀၅ ရာခိုင်နှုန်းအထိ မြင့်မားတိုးတက်လာခဲ့သည်။ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်တစ်ချိန်တွင် သက်ကြီးစာမတတ်သူများ မရှိတော့ဘဲ လူတိုင်း စာတတ်မြောက်နေကြမည်ဖြစ်သည်။

သို့ရာတွင် ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသော မူလတန်းပညာ မပြီးဆုံးသူများ၊ အသက်ကြီးသွား၍ ကျောင်းမနေခဲ့ရသူများနှင့် သက်ကြီးစာမတတ်မြောက်သူများရှိနေရာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေး လှုပ်ရှားမှုများ၊ နယ်စပ်ဒေသ စာတတ်မြောက်ရေးလုပ်ငန်းများ အပါအဝင် တစ်နိုင်ငံလုံးတွင် စာတတ်မြောက်ရေး လူထုလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နယ်စပ်ဒေသမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးများ ကျောင်းရောက်ရှိရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရခဲ့တဲ့ ကျောင်းနေအရွယ် လွန်လာတဲ့သူများ စာတတ်မြောက်စေဖို့ 'အ'သုံးလုံးသင်တန်းများ ဖွင့်လှစ်ရေး"** ဟူ၍ လမ်းညွှန်မှုပြုခဲ့ခြင်းကြောင့် နွေရာသီ 'အ'သုံးလုံး သင်တန်းများကို ၁၉၉၆ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးလျက်ရှိသည်။

၁၉၉၆ ခုနှစ် နွေရာသီ 'အ'သုံးလုံးသင်တန်းများကို ကိုးကန့်ဒေသရှိ ချင်းရွှေဟော်နှင့် လောက်ကိုင်၊ 'ဝ' ဒေသရှိ နန်းတစ်၊ မိုင်းမောနှင့် ပန်ဆန်း၊ ကျိုင်းတုံ အရှေ့ဒေသရှိ မိုင်းလားနှင့် ဆီလူး၊ ရခိုင်ဒေသရှိ ဘူးသီးတောင်နှင့် ပလက်ဝတို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၁၂၄ဦး၊ ၂၀၀၀ ပြည့်နှစ် နွေရာသီ 'အ'သုံးလုံး သင်တန်းများကို ကရင်ဒေသရှိ အဇင်း၊ ကျိုက်ဒုံနှင့် မြိုင်ကြီးငူ၊ ကိုးကန့်ဒေသရှိ လောက်ကိုင်၊ ကုန်းကြမ်း နှင့် ချင်းရွှေဟော်၊ 'ဝ'ဒေသရှိ ပန်ဆန်း၊ ပအိုဝ်းဒေသရှိ တောင်ကြီး၊ ဟိုပုံးနှင့် ပင်လောင်းတို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၀၅၁၀၊ ၂၀၀၁ ခုနှစ် နွေရာသီ 'အ'သုံးလုံးသင်တန်းများကို ကျိုင်းတုံ အရှေ့ဒေသရှိ မိုင်းယောင်း၊ မိုင်းဖြတ်နှင့် တာချီလိတ်၊ ပလောင်ဒေသရှိ နမ့်ဆန်(မြောက်)၊ ရှမ်းဒေသရှိ သီပေါနှင့်မိုင်းရယ်၊ 'ဝ' ဒေသရှိ မိုင်းမောနှင့် ပန်ဆန်း၊ မုံးကိုးဒေသရှိမူဆယ်၊ နာဂဒေသရှိခန္တီး၊ လေရှီးနှင့်လဟယ်၊ ရခိုင်ဒေသရှိ မောင်တောတို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၇၅၁၂ ဦး၊ ၂၀၀၂ ခုနှစ် နွေရာသီ 'အ' သုံးလုံးသင်တန်းများကို ကချင်အထူးဒေသ(၁)ရှိ ဝိုင်းမော်၊ ကချင်အထူးဒေသ(၂)ရှိ ဗန်းမော်နှင့် မန်စီ၊ ကချင်အရှေ့မြောက်ဒေသရှိ ကွတ်ခိုင်နှင့် လားရှိုး၊ ကဘော်ချိုင့်ဝှမ်းဒေသရှိ တမူး၊ ကျိုင်းတုံ အရှေ့ဒေသရှိ တာချီလိတ်နှင့် မိုင်းဆတ်၊ တနင်္သာရီဒေသရှိ ရေဖြူ၊ ရခိုင်ဒေသရှိ ဘူးသီးတောင်နှင့် ရသေ့တောင်တို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၉၇၇၂ ဦး၊ ၂၀၀၃ ခုနှစ် နွေရာသီ 'အ'သုံးလုံးသင်တန်းများကို မော်ဖဒေသရှိ မိုင်းရှူး၊ ဟိုမိန်းနှင့်မုံးထော်၊ မုံးထဒေသရှိ မိုင်းပန်၊ မိုင်းကိုင်နှင့် မိုင်းတုံ၊ ကယား/ကယန်းဒေသရှိ ဖယ်ခုံ၊ ဒီမောဆို၊ ဘော်လခဲ၊ သံတောင်၊ ကျိုင်းတုံအရှေ့ဒေသရှိ တာချီလိတ်မြို့နယ် ပါလျှိုးနှင့် ကျိုင်းလတ်တို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၂၆၉၆ ဦး ရှိခဲ့သည်။

၂၀၀၄ ခုနှစ် နွေရာသီ 'အ' သုံးလုံးသင်တန်းများကို ကိုးကန့်ဒေသရှိ လောက်ကိုင်၊ ကွတ်ခိုင်နှင့် မူဆယ်၊ 'ဝ'ဒေသရှိ ဟိုပန်၊ ပလောင်ဒေသရှိ မန်တုံ၊ ကျိုင်းတုံ အရှေ့ဒေသရှိ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပျဉ်း၊ မိုင်းခုတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်းနှင့် တာချီလိတ်၊ ရခိုင်ဒေသရှိ ဘူးသီးတောင်တို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၃၉၂၇ ဦးတို့ တက်ရောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ပြည်နယ်/တိုင်းများနှင့် နယ်စပ် ဒေသများ၌ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၂၅၅၅၈၄ ဦး စာတတ်မြောက်လာကြပြီ ဖြစ်သည်။

စာတတ်မြောက်ရေးကြိုးပမ်း ဆောင်ရွက်မှုများကြောင့် သက်ကြီးစာတတ်နှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၀၁ ခုနှစ်တွင် ၉၁ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၀၂ ခုနှစ်တွင် ၉၁ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၀၃ခုနှစ်တွင် ၉၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂၀၀၄ ခုနှစ်တွင် ၉၃ ဒသမ ၃ ရာခိုင်နှုန်းရှိလာပြီဖြစ်ရာ ၂၀၀၅ ခုနှစ်တွင် သက်ကြီး စာတတ်နှုန်း ၉၅ ဒသမ ၅ ရာခိုင်နှုန်းရှိရေးအတွက် ပြည်နယ်/တိုင်းအလိုက် ကောက်သင်းကောက် စာတတ်မြောက်ရေးလုပ်ငန်းနှင့် နယ်စပ်ဒေသ စာတတ်မြောက်ရေး လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသော မူလတန်း ပညာမပြီးဆုံးသူများ၊ အသက်ကြီးသွား၍ ကျောင်းမနေခဲ့ရသူများနှင့် သက်ကြီးစာမတတ်မြောက်သူများရှိနေရာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ် မြောက်ရေး လှုပ်ရှားမှုများ၊ နယ်စပ်ဒေသ စာတတ်မြောက်ရေး လုပ်ငန်းများ အပါအဝင် တစ်နိုင်ငံလုံးတွင် စာတတ်မြောက်ရေး လူထုလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်သည်။

မော်ဘီမြို့နယ် ရေပေါ်သဲကျေးရွာအုပ်စု လိပ်ချောင်းရွာမကြီးကျေးရွာသူတကြွယ် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို လိပ်ချောင်းရွာမကြီးကျေးရွာမူလတန်းကျောင်း၌ စက်တင်ဘာ ၁ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွှန့်နှင့် ကျေးရွာဥက္ကဋ္ဌဦးစံကြည်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၄

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၈ ရက်ထိ မွန်းတည့်၁၂နာရီမှ ညနေ ၅ နာရီထိ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်းအမှတ်(၂၉)၊ ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် "ဖဂ္ဂုနရဟန်း"**
၉:၁၀ ၁၀။ **နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အစီအစဉ် ဘယ်သူပြိုင်လို့ လှပါတော့နိုင် ဒါရိုက်တာ-ဦးသုခ သရုပ်ဆောင်-ဇော်ဝမ်း၊ တင်တင်ညို၊ အံ့ကျော်**
၁၀:၀၀ ၁၁။ အပိတ်နှုတ်ဆက်စကား
၁၀:၀၁ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Project Preparation and Evaluation (ပြည်သူ့ရေးရာ-ဒုတိယနှစ်)
၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မဆုတ်မနစ်" (အပိုင်း-၈)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား" (ဒုတိယတွဲ) (အပိုင်း-၁၂)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

ကြိုးကြပ်

ဩဂုတ် ၁၄ ရက်က ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်ပင်းတယမြို့အော်ရေရပ်ကွက် ပြည်သူများ ပူးပေါင်း၍ ပုန်းတလုတ်ကန်အနီးရှိ ချုံနွယ်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးတင့်ကြီးကြပ်ပေးစဉ်။(က-ပ)

တက်ရော
ဆွေးေ

နိုင်ငံတော်ဝန်ကြီးေ
ကြီးခင်ညွှန့် ရန်ကု
တော်ကြီး သဘာဝဥယ
အဆင့်မြင့် တည်
လုပ်ငန်းကော်မတီ ညှိ
အဝေးသို့ တက်ရော
မှာကြားစဉ်။
(

✧ ကန်တော်ကြီးမှ

ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးမှု၊ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်တန်းများ ပို့ချဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကန်တော်ကြီး သဘာဝဥယျာဉ် အပြီးသတ်လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆက်လက်ဆောင်

ရေရှည်တည်တံ့နေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှေ

အလှမွေးငါးမွေးမြူရေး

ယင်းနောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက Education Zone အတွင်း Fresh Water Fish Garden တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးပါက ရေချို၊ ရေငန်အလှမွေးငါးများ မွေးမြူနိုင်ရေးကြိုတင်စီမံ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက Central Symbol Zone အတွင်းဝင်ပေါက်ဂိတ် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှု၊ သဘာဝရှားပါးသစ်ပင်နှင့် ရာသီအလိုက် ဖူးပွင့်သည့်သစ်ပင်မျိုးစုများ ထပ်မံစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ အခြေအနေကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက ဟိုတယ်နှင့်စားသောက်ဆိုင်များအား အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးမှုနှင့် ရွှေ့ပြောင်းရေး လုပ်ငန်းများပြီးစီးမှု အခြေအနေနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Recreation Zone အတွင်းဆက်သွယ်မည့် Timber Walk Way တည်ဆောက်နေမှု၊ Rock Garden နှင့် ပုပ္ပားတောင်မျှော်စင် တည်ဆောက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဒုတိယဝန်ကြီးဦးညီလှငယ်က တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးထိန်းသိမ်းရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်းပါဝင်သည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မိသားစုအလိုက် ကလေးငယ်များ ပျော်ရွှင်စွာ အပန်းဖြေ ကစားနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ယခုအခါ လုပ်ငန်းများ အတော်အတန်ပြီးပြည့်စုံနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ အပြီးသတ် အချိန်မီ ပြီးစီးရေးအတွက် လုပ်ငန်းစီမံချက်ပါအတိုင်း ဆက်လက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်ကို မပျက်ယွင်းစေဘဲ သဘာဝသစ်ပင် သစ်တောများ၊ ရာသီအလိုက် ဖူးပွင့်ကြသည့် ပန်းမန်များဖြင့် လှပရှုချင်စဖွယ် ဖြစ်အောင် ဖြည့်စွက်စိုက်ပျိုးသင့်သည့် သစ်ပင်၊ ပန်းမန်များကို ဖြည့်စွက်စိုက်ပျိုးသွားရန်လိုကြောင်း။

ရေပြင်သန့်ရှင်းရေး

ကန်တော်ကြီးရေပြင် သန့်ရှင်းရေး၊ ကန်တော်ကြီးအတွင်း ရေဝင်မှု တိုးမြှင့်သိုလှောင်နိုင်ရေး၊ တန်ဖိုးကြီးမားလှသည့် ကန်တော်ကြီး သဘာဝဥယျာဉ်ကြီး မပျက်မယွင်းစေဘဲ ရေရှည်တည်တံ့အောင် သက်ဆိုင်ရာ တာဝန်ရှိသူ အားလုံးက အလေးထားပြီး ထိန်းသိမ်း စောင့်ရှောက်သွားကြရန်လိုကြောင်း။

ကန်တော်ကြီးသဘာဝဥယျာဉ်ကြီးကို ပြည်သူများ၊ ပြည်ပမှ ဧည့်သည်များ၊ လေ့လာသူများ စိတ်အေးချမ်းသာစွာ အပန်းဖြေ အနားယူရုံသာမက ဗဟုသုတပညာရှာဖွေနိုင်သည့်သဘာဝဥယျာဉ်ကြီး တစ်ခုအဖြစ် အဆင့်မြင့်မြင့် ဖွင့်လှစ်ပြသနိုင်ရေးအတွက် ဌာနဆိုင်ရာအားလုံးက ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြရေး၊ တည်ဆောက်ပြီး ကန်တော်ကြီး သဘာဝဥယျာဉ် အဆင့်မြင့်လုပ်ငန်းများကို ရေရှည်တည်တံ့နေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားကြရေးမှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီး ဥယျာဉ်အတွင်း တည်ဆောက်မည့် Conference Hall ပုံစံငယ်နှင့်စိုက်ပျိုးရေးပြတိုက်အတွင်း ခင်းကျင်းပြသမည့်စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြခန်းပြကွက်များ ခင်းကျင်းပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင်တည်ဆောက်မှုလုပ်ငန်းများဖြစ်သော Relaxation Zone တွင် ပါဝင်သည့် Elephant Plaza တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ Education Zone တွင်ပါဝင်သည့် ပန်းမန်၊ သစ်ပင်၊ ပျိုးပင် အရောင်းဆိုင်များ၊ စိုက်ပျိုးရေး ပညာပေးဆိုင်ရာ ပြကွက်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Relaxation Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်နေသည့် ရေချိုငါးပြတိုက် တည်ဆောက်နေမှု၊ Fresh Water Fish Garden အတွင်း ပြကွင်းပြကွက် ၂၃ခု တည်ဆောက်နေမှုကိုလည်းကောင်း၊ Relaxation Zone အတွင်း Rock Garden တည်ဆောက်နေမှုနှင့် ပုပ္ပားတောင်မျှော်စင် တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ Relaxation Zone အတွင်း Water Fall၊မြန်မာမှုပစ္စည်း အရောင်းဆိုင်ခန်းများနှင့် Berbeque Garden တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပါရမီခုံးကျော်တံတား

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ယာယီရှင်းလင်းခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဖေသန်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေး လုပ်ငန်းပြီးစီးမှု အခြေအနေတို့နှင့် အပြီးသတ် အချောထည် တည်ဆောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်
အတွင်း ခင်းကျင်းပြ
များ ခင်းကျင်းပြင်ဆ

ယင်းနောက် နိုင်ငံေ
ဗိုလ်ချုပ်ကြီးခင်ညွန့်က
များကို မှာကြားပြီး
တံတားတည်ဆောက်ပြီ
ကြမ်းခင်း ကွန်ကရ
လုပ်ငန်းပြီးစီးမှု၊ပင်မတံ
လမ်း၊လူသွားစင်္ကြံလမ်
ကတ္တရာခင်းခြင်းလုပ်
နေမှုတို့ကိုလှည့်လည်
ပြီး လိုအပ်သည်များကို
တာဝန်ရှိသူတို့အား မ

၉၀ ရာခိုင်နှုန်

ယခုအခါ ပါရမီခုံး
တည်ဆောက်မှုလုပ်ငန်း
နှုန်းပြီးစီးနေပြီဖြစ်သ

ထိုမှတစ်ဆင့် နိုင်ငံ
ချုပ် ဗိုလ်ချုပ်ကြီးခင်ည
များသည် ကမ္ဘာေ
မဟာပါသာဏလိုဏ်ဂူ
သို့ ရောက်ရှိကြရာ
ဝန်ကြီးဌာန ဝန်ကြီး
သာသနာရေးဝန်ကြီးဌ
ဗိုလ်မှူးချုပ်သူရမြင့်မေ
ဌာနများမှ ဒုတိယ
ဆောက်လုပ်ရေးဝန်ကြီး
ရှိ ပုဂ္ဂိုလ်များက ကြို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပါရမီခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တက်ရောက် ဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။

(သတင်းစဉ်)



က်ဆောင်ရွက် ံစောင့်ရှောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း အဆင့်မြှင့်ပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စိုက်ပျိုးရေးပြတိုက်အတွင်း ခင်းကျင်းပြသမည့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြခန်းပြကွက်များ ခင်းကျင်းပြင်ဆင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ပါရမီခုံးကျော်တံတားတည်ဆောက်ပြီးစီးမှု၊ တံတားကြမ်းခင်း ကွန်ကရစ်လောင်းခြင်းလုပ်ငန်းပြီးစီးမှု၊ပင်မတံတားချဉ်းကပ်လမ်း၊လူသွားစင်္ကြံလမ်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

၉၀ ရာခိုင်နှုန်းပြီးစီး

ယခုအခါ ပါရမီခုံးကျော်တံတားတည်ဆောက်မှုလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူတော်ကြီး အဆင့်မြှင့်ပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ ပြသထားသည့် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရတနာသပိတ်တော်နှင့် ငှက်မြတ်နားတော် နမူနာပုံစံကားချပ်များကို ကြည့်ရှုရာ မြန်မာမှုပညာရှင် ဦးအုန်းတင်က ရှင်းလင်းပြသသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူအဝင်မုခ်ဦး တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ညနေ ၆နာရီတွင် မဟာပါသာဏလိုဏ်ဂူတော်မှပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ ဝါတွင်းတရားစခန်းများဖွင့်

ရန်ကုန် စက်တင်ဘာ ၄

တန့်ကြည့်တောင်ဆရာတော်ကြီး၏ ကျင့်စဉ်နှင့်အညီ လစဉ် ကျင်းပမြဲဖြစ်သော သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်တရားပွဲများကို မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ၌ ရိပ်သာဆရာတော် အဂ္ဂမဟာ ဝိသိဋ္ဌကောဝိဒ ကမ္မဋ္ဌာနာစရိယ အရှင်ဣန္ဒက (ဓမ္မာစရိယ)က အောက်ပါအတိုင်း ဟောကြားပြသမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

(၁)စက်တင်ဘာ၂၄ရက်မှ အောက်တိုဘာ ၁ရက်အထိ၊ (၂) အောက်တိုဘာ ၂၂ရက်မှ အောက်တိုဘာ ၂၉ရက်အထိ၊ (၃) နိုဝင်ဘာ၂၆ရက်မှ ဒီဇင်ဘာ၃ရက်အထိ၊ (၄)ဒီဇင်ဘာ၂၄ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ အဓိဋ္ဌာန်တရားပွဲဝင်လိုသူများ ရိပ်သာဖုန်း-၂၄၇၅၅၇နှင့် ဦးကိုမြင့် ဖုန်း-၅၀၂၈၂၀ တို့ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အားအမှူးထား၍ မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုတို့က ဒသမအကြိမ်မြောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်အပါအဝင် စာသင်သားသံဃာတော်အပါး ၄၅၀ တို့အား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၃၉၀၅၀၀ နှင့် ဆွမ်းပဒေသာအလှူတော် ငွေကျပ် ၁၅၀၀၀ စုစုပေါင်းငွေကျပ် ၄၀၅၅၀၀ ကို မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင် က သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းပြီး သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့ အဝေးကြည့်မှန်ပြောင်းနှစ်ခုလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၄

ဂျပန်နိုင်ငံမှ The Chief Priest of Buddish Temple Gugyoji ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda ဦးဆောင်၍ ဂျပန်ဘုန်းတော်ကြီးနှစ်ပါးနှင့် အဖွဲ့ဝင် ၁၂ဦးတို့ ပါဝင်သောအဖွဲ့သည် ယနေ့နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော်သို့ လာရောက် ဖူးမြော်ပြီး ရွှေတိဂုံစေတီတော်ကြီး၏ စိန်ဖူးတော်အား အများပြည်သူတို့ အနီးကပ် ဖူးမြော်ကြည်ညိုနိုင်ရန်ရည်ရွယ်၍ Prominar အမျိုးအစား အဝေးကြည့်မှန်ပြောင်းနှစ်ခုကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ လှူဒါန်းသည်။

တက်ရောက်

လှူဒါန်းပွဲသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမြသိန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဂျပန်ဘုန်းတော်ကြီးနှင့် အဖွဲ့တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ဂျပန်တန်ဆောင်း၌ပန်း၊အမွှေးနံ့သာနှင့်ဖယောင်းတိုင်များ ဆက်ကပ်ပူဇော် ကန်တော့ကြပြီး စေတီတော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် အလှူရှင် ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ကြီးအား ဂျပန်တန်ဆောင်းမှ ဆုမွန်ကောင်းများတောင်း၍ ဖူးမြော်ကြည်ညိုကြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ အလှူရှင် ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ အမေရိကန်ဒေါ်လာ ၅၀၀၀တန်ဖိုးရှိ Prominar အမျိုးအစား အဝေးကြည့်မှန်ပြောင်းနှစ်ခုကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်ဦးမြသိန်းက လက်ခံပြီး ရွှေတိဂုံ စေတီတော်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကာ ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၄-၉-၂၀၀၄)

မြစ်ကြီးနား	–	၂ ဒသမ ၀၅ လက်မ
မော်လမြိုင်	–	၁ ဒသမ ၉၇ လက်မ

ရန်ကုန်မိုးရေချိန်

(၄-၉-၂၀၀၄)

ရန်ကုန်မြို့လယ်	–	၀ ဒသမ ၂၀ လက်မ
ကမ္ဘာအေး	–	၀ ဒသမ ၀၄ လက်မ

(၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာ ရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကေ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၆၆ နတ်တော်လပြည့် (တနင်္ဂနွေနေ့)မှ ၁၃၆၆ ခုနှစ် ပြာသိုလပြည့်ကျော် (ကြာသပတေးနေ့)အထိ (၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၀၅ ဇန်နဝါရီ ၂၇ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော် အရှင်သူမြတ်များသည် ၁၃၆ သီတင်းကျွတ် လပြည့်ကျော်၁၃ရက် (၂၀၀၄- ခုနှစ် နိုဝင်ဘာ ၁၀ ရ မတိုင်မီ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘ ကုန်းမြေ စာမေးပွဲဌာနခွဲ(တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ)သို့ ပေ ဖြစ်သည်။လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ဖြေဆိုရန်ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၆၆ခုနှစ် တန် မုန်းလပြည့်ကျော် ၇ ရက် (၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်) နောက်ဆုံ အကြောင်းကြားရန်ဖြစ်သည်။ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယ များကအတိုင်းဖြစ်သည်။

(သတ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ ဆွာချောင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English .
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၂၄)**
- ၁၂:၀၅ ၅။ ထာဝရအလှူ ကုသိုလ်ယူ
- ၁၂:၂၀ ၆။ **မြန်မာရုပ်ရှင် ဘယ်သူပြိုင်လို့လုပါတော့နိုင် (ဇော်ဝမ်း၊ဝင်းလှိုင်၊တင်တင်ညို၊တင်တင်လှ)**

(ဒါရိုက်တာ-ဦးသုခ)

- ၂:၄၅ ၇။ International News
- ၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyd Use.
- ၄:၄၀ ၄။ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပ ရုပ်မြင်သံကြားသင်ခန်းစ - ဒုတိယနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(သတ္တဗေဒ
- ၅:၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသာ တေးသံသာ
- ၅:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတ
- ၅:၃၀ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ စိုက်ပျိုးစွမ်းအားပြည်ထွ
- ၅:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့လင်းပိုင် (အပိုင်း-၁၂)**
- ၇:၃၅ ၁၄။ ကျေးလက်ဒေသတစ်ခွင်အ
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခု သော အချစ် (အပိုင်း-၂၂)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

အင်းစိန်၊ မှော်ဘီ၊ ရေနံချောင်း၊ မင်းဘူးတို့၌ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ၁၉၈၆ ခုနှစ်မှစ၍ အသုံးပြုခဲ့ရာ မော်တော်ယာဉ်စီးရေ ၅၈၇စီးထိ အန္တရာယ်ကင်းရှင်းစွာ အသုံးပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ် ပလိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

❍ **မော်တော်ယာဉ်များမှ**

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အရောင်းဆိုင်ဝင်း အတွင်းရှိ ဖိအားမြှင့်စက်နှင့် လေသိုလှောင်သည့် ဆလင်ဒါအိုးများ စနစ်တကျထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် သဘာဝဓာတ်ငွေ့ဖြည့်သည့် Filling Point နှစ်ခုဖြင့် ကျောက်ဆည်-မန္တလေး ခရီးသည်တင်ကားတစ်စီးအား သဘာဝဓာတ်ငွေ့ စတင်ဖြည့်ပေးမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံယာဉ်ပိုင်ရှင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မိမိတို့နိုင်ငံ၏ ကုန်းတွင်းပိုင်း သဘာဝဓာတ်ငွေ့မြေများမှပင် မော်တော်ယာဉ်များ၌ သုံးစွဲနိုင်သည့် သဘာဝဓာတ်ငွေ့ အလုံအလောက်ထွက်ရှိကြောင်း၊ သမားရိုးကျ ဓာတ်ဆီ၊ ဒီဇယ်ဆီ သုံးစွဲရာမှ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် မိမိတို့ ပြောင်းလဲသုံးစွဲခဲ့ရာ၌ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့ အသုံးပြုမောင်းနှင်ခြင်းသည် အသစ်အဆန်း မဟုတ်တော့ကြောင်း၊ စိတ်ချရမှု၊ ဘေးအန္တရာယ်ကင်းမှု၊ အင်ဂျင်ကိုပါ ထိခိုက်မှုမရှိနိုင်သည်တို့ကို လက်တွေ့ကျကျ မိမိတို့ သိရှိခဲ့ပြီးဖြစ်ကြောင်း။

ယုံကြည်စိတ်ချစွာသုံးစွဲ

ထို့ကြောင့် ယခုဆက်လက် တိုးချဲ့သုံးစွဲကြရာ၌ လွဲမှားမှုမရှိစေဘဲ စနစ်တကျ ယုံကြည်စိတ်ချစွာ သုံးစွဲကြရန်လိုကြောင်း၊ ကုန်ကျစရိတ် သက်သာသဖြင့် သယ်ယူပို့ဆောင်ခ သက်သာလာသည်နှင့်အမျှ ကုန်ဈေးနှုန်းလည်း ကျဆင်းလာနိုင်သည့် အကျိုးဆက်ရရှိနိုင်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အင်းစိန်၊ မှော်ဘီ၊ ရေနံချောင်း၊ မင်းဘူးတို့၌ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ၁၉၈၆ ခုနှစ်မှစ၍ အသုံးပြုခဲ့ရာ မော်တော်ယာဉ်စီးရေ ၅၈၇စီးထိ အန္တရာယ် ကင်းရှင်းစွာ အသုံးပြုခဲ့ပြီးဖြစ်သည်။

သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းဖြင့် မော်တော်ယာဉ် အင်ဂျင်ကို ထိခိုက်မှုလည်းမရှိကြောင်း တွေ့ရသည်။

စရိတ်သက်သာ

ထို့ပြင် ဈေးနှုန်းကြီးသော ဓာတ်ဆီ၊ ဒီဇယ်ဆီများကို ချွေတာနိုင်ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ် ပလိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားတွင် အရောင်းဆိုင်ဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း သဘာဝဓာတ်ငွေ့ဖြည့်သည့် Filling Point နှစ်ခုဖြင့် ကျောက်ဆည်-မန္တလေး ခရီးသည်တင်ကားတစ်စီးအား သဘာဝဓာတ်ငွေ့ စတင်ဖြည့်ပေးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံယာဉ်ပိုင်ရှင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား မြိုးမြိုးချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

➥ စာမျက်နှာ ၁၀ မှ

ပြည်တွင်းမှထွက်ရှိသည့် ဈေးနှုန်းများစွာသက်သာသော သဘာဝဓာတ်ငွေ့ကို အကျိုးရှိစွာအသုံးပြုနိုင်သဖြင့် ပို့ဆောင်စရိတ်သက်သာမည် ဖြစ်သည်။

သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ဖြစ်ပွားစေခြင်း မရှိသည်ကို တွေ့ရှိရသည်။

ဖွင့်လှစ်ထားရှိ

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို ရန်ကုန်မြို့၌ နှစ်ဆိုင်၊ ရေနံချောင်းမြို့၌ နှစ်ဆိုင်နှင့် ချောက်မြို့၌ တစ်ဆိုင်ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ ပလိပ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဆိုင်တွင် မော်တော်ယာဉ်နှစ်စီး တစ်ပြိုင်တည်း သဘာဝဓာတ်ငွေ့ဖြည့်နိုင်သည့် Filling Point နှစ်ခု တပ်ဆင်ထားပြီး မော်တော်ယာဉ်တစ်စီး သဘာဝဓာတ်ငွေ့ ဖြည့်ချိန်မှာ ငါးမိနစ်ခန့်သာ ကြာမြင့်မည်ဖြစ်သည်။

ပြောင်းလဲရန်စီစဉ်

ကျောက်ဆည်ခရိုင်အတွင်း သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ယာဉ် ၃၅စီးကို စတင်ပြောင်းလဲထားပြီးဖြစ်သည်။ ထပ်မံ၍ ၁၆၅စီးကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။

ရန်ကုန်မြို့တော်ရှိ မော်တော်ယာဉ်များ အပါအဝင် အခြားမြို့ကြီးများ၌လည်းသဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် တစ်ဆင့်ပြီးတစ်ဆင့်တိုးချဲ့ပြုပြင် အသုံးပြုသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီတို့က မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ် ပလိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဖွင့်ပွဲ အခမ်းအနားတွင် အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြစဉ်။

(သတင်းစဉ်)

ဟောင်ကောင်ဘောလုံးအသင်းအား အားကစားဝန်ကြီး ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မြန်မာ-ဟောင်ကောင် ချစ်ကြည်ရေးခြေစမ်းဘောလုံးပွဲယှဉ်ပြိုင်ရန် ရောက်ရှိနေသော ဟောင်ကောင် KITCHEE ဘောလုံးအသင်းအား ယမန်နေ့ ညဂနာရီတွင် ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်သည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ဟောင်ကောင် KITCHEE ဘောလုံးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်ဆောင်ပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားပြီး ဝန်ကြီးက ဟောင်ကောင် KITCHEE ဘောလုံးအသင်းအမှုဆောင်ချုပ် Mr. Ken K Ng အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် အမှုဆောင်ချုပ်က ဝန်ကြီးအား အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ဟောင်ကောင် KITCHEE ဘောလုံးအသင်း အမှုဆောင်ချုပ် Mr. Ken K Ng က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးနောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ဖျော်ဖြေ၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဝန်ကြီးက မြန်မာ့ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

"မြန်မာအားကစားနှင့်ကျန်းမာရေးဖောင်ဒေးရှင်း" မူပိုင်အမှတ်တံဆိပ် (Logo) ယှဉ်ပြိုင်ရန်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံသားအားလုံး အသက်ကြီးငယ်၊ ကျား/မ မရွေး၊ ရာသီဥတု၊ ဒေသမရွေး အားကစားတစ်မျိုးမျိုးကို လေ့ကျင့်ပြုလုပ်နေခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများဖြစ်လာစေရန်၊ မြန်မာနိုင်ငံရှိ အားကစားအဖွဲ့ချုပ်များကို ထောက်ပံ့ကူညီခြင်းဖြင့် ပြည်သူအများအားကစားလေ့ကျင့်မှု ပိုမိုလုပ်ဆောင်နိုင်စေရန်နှင့် အားကစားလေ့ကျင့်ခန်းများပြုလုပ်နေကြသူများထဲမှ ထူးချွန်ထက်မြက်သော အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ကူညီခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့်ဖွဲ့စည်းထားသော မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် လှူပ်ရှားမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် မြန်မာအားကစားနှင့်ကျန်းမာရေးဖောင်ဒေးရှင်း မူပိုင်အမှတ်တံဆိပ် (Logo) ကို ရွေးချယ်မည်ဖြစ်၍ အထက်ပါရည်ရွယ်ချက်များနှင့်အညီ မည်သူမဆိုရေးဆွဲပြိုင်ပွဲဝင်ကြရန် မြန်မာအားကစားနှင့်ကျန်းမာရေးဖောင်ဒေးရှင်းက ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲဝင်များ၏ ရေးဆွဲတင်သွင်းသော အမှတ်တံဆိပ် (Logo)များကို ဖောင်ဒေးရှင်းအမှုဆောင်များက ရွေးချယ်ပြီး ပထမ၊ဒုတိယ၊တတိယဆုများကို ထိုက်သင့်သောဆုကြေးများ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရသူများအနက် ပထမဆုရရှိသူ၏ (Logo) ပုံစံကို မြန်မာအားကစားနှင့်ကျန်းမာရေးဖောင်ဒေးရှင်း၏ မူပိုင် (Logo) အဖြစ်သတ်မှတ်ပြီး နိုင်ငံတွင်း/နိုင်ငံတကာနှင့်ဆက်သွယ်မှုများတွင် အသုံးပြုသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင် (Logo)များကို မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်းရုံး၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ရန်ကုန်မြို့သို့ ၂၀၀၄ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အထက(၅)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၃၁ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင်က တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ မခင်ဆုပြည့်အား ဆုချီးမြှင့်စဉ်။

(က-ပ)

နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်၊စာစောင်များ ဝိုင်းဝန်းကူညီလှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိက စာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များပါဝင်တက်ရောက်ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြမည် ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါန ငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း(၀၁-၂၅၂၄၅၇၊ ၀၁-၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊ ၀၁-၃၇၉၇၇၁နှင့် ၀၁-၂၅၂၄၅၁)တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - **၇-၉-၂၀၀၄ (အင်္ဂါနေ့)**
အချိန် - **မွန်းလွဲ (၂)နာရီ**
နေရာ - **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ**

စာပေဒါနပြုလိုကြသော စေတနာရှင်အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉/၃၇၉၇၆၉/၃၇၉၇၇၁/၂၅၂၄၅၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် ညနေ ၅ နာရီတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်မှ အခြားမြို့နယ်နှင့် တိုင်းများသို့ နေ့စဉ် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ၊ ရန်ကုန်မြို့တော်အတွင်း နေ့စဉ် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း အမှာစကား ပြောကြားသည်။



အမှာစကား ပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(ရန်ကုန်တိုင်း)

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွား ပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ ယာဉ်ထိန်း/ကြိုးမဲ့မှ ဒုတိယ ရဲမှူးကြီး အောင်နိုင်က ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေး ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာ ယာဉ်လိုင်းများအလိုက် ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များ သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာစေရေး စစ်ဆေးကြပ်မတ်မှုများ၊ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်မြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာစေရေး ကြပ်မတ်ကွပ်ကဲမှုကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်မှုများ လျော့နည်း ကျဆင်းလာသော်လည်း လမ်းဖြတ်ကူးသူ၊ လမ်းလျှောက်သူများ၏ မဆင်မခြင် ဖြတ်ကူးခြင်း၊ ယာဉ်မောင်းအချို့၏ မဆင်မခြင် မောင်းနှင်ခြင်းများကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ ကျန်ရှိနေသေးကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့တော်အတွင်း နေ့စဉ် သွားလာလျက်ရှိသည့် မော်တော်ယာဉ်များမှ ယာဉ်မောင်းများ၊ လမ်းဖြတ်ကူးသူ၊ လမ်းလျှောက်သူ ခရီးသွားပြည်သူများ၊ သက်ဆိုင်ရာ ကဏ္ဍများအလိုက် လိုက်နာရန် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာစေရေး၊ ခရီးသည်တင် ဘတ်စ်ကားများ သတ်မှတ်ထားသည့် မှတ်တိုင်များတွင်သာ ခရီးသည်တင်/ချ ပြုလုပ်ရေး၊ ယာဉ်နှစ်ထပ် မရပ်စေရေး၊ သတ်မှတ်ခေါက်ရေ အပြည့်ပြေးဆွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန်နှင့်သတ်မှတ်ထားသည့် စည်းကမ်းများ ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူကြရေး မှာကြားသည်။ ယင်းနောက် လိုအပ်သည်များ ဖြည့်ဆည်းပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပညာရေး ဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်နှင့် အဖွဲ့ဝင်များ ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အဌမအကြိမ်ဘွဲ့ယူ ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန်ပြပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဘွဲ့ယူကျောင်းသားများ လက်ရာမွန်ပြပွဲနှင့်တင်ဆက်မှု ဝန်ကြီးများ ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၄

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အဌမအကြိမ် ဘွဲ့ယူကျောင်းသား၊ကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်မှု အခမ်းအနားကို စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ပညာရေး ဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီနှင့် ပန်းပု အနုပညာရှင်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ နည်းပြဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အဌမအကြိမ် ဘွဲ့ယူ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြ ပန်းချီ၊ ပန်းပု လက်ရာမွန်များကို လှည့်လည်ကြည့်ရှုကြရာ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ပါမောက္ခချုပ် ဦးတင်စိုးတို့က ရှင်းလင်း ပြသကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အဌမအကြိမ် ဘွဲ့ယူ ကျောင်းသား၊ ကျောင်းသူများ၏ ဂီတ၊ သဘင် စင်တင် တင်ဆက်မှုများဖြစ်သည့် မောင်မယ်ယှဉ်တွဲ မြန်မာ့ဆိုင်းပွဲ၊ သန္နိဋ္ဌာန်လေးချက် စုပေါင်းသီဆိုမှု၊ ဆန်းနွေဦး ယိုးဒယားသီချင်းကို စောင်းလက်စွမ်းပြတီးခတ်မှု၊ ကြော့ရှင်းမှုယာလှသူဇာယိမ်း၊ တီးလုံးသံပြိုင် ခုနစ်ပွင့်ဆိုင် တီးခတ်မှု၊ ဇာတိနွယ် တေးသီချင်း သီဆိုဖျော်ဖြေမှု၊ ဆီမီးပုဂံ ပန်းပုဂံယိမ်း၊ အီတလီ ဂီတစာဆိုကြီး Antonio Vivaldi၏ Ovus No.3 နှင့် No.5 တေးသွားတို့ကို သရုပ်ဖော်တီးခတ်မှု၊ အောင်ခြင်းရှစ်ပါး တေးသီချင်းကို ရုပ်သေးပညာဖြင့် သရုပ်ဖော်တင်ဆက်မှုနှင့် ချစ်ပန်းဥယျာဉ်ယိမ်း ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးကြသည်။

ဝိဇ္ဇာဘွဲ့

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် အဌမ အကြိမ်အဖြစ် ဘွဲ့ယူကြမည့် ကျောင်းသား၊ ကျောင်းသူများမှာ ဝိဇ္ဇာဘွဲ့ (ဂီတ) ၆၅ ဦး၊ (သဘင်) ၅၈ ဦး၊ (ပန်းချီ) ၄၇ ဦးနှင့် (ပန်းပု) ၃၈ ဦးတို့ ဖြစ်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၀၄-၂၀၀၅ ခုနှစ် စည်ပင်သာယာရေး လုပ်ငန်းများ အဆင့်မြင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း ခရိုင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြိုင်းဆောင်က မြို့ပြသာယာလှပရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ခရိုင်ချင်းဆက် လမ်းများ ဆောင်ရွက်ရေး၊ ကျေးလက်အိမ်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရေး တို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမှုဆောင် အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ မြို့နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြလေးနွယ်စေတီ ဝါတွင်းတရားပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ၂/ရပ်ကွက် အာသာဝတီတိုက် တွဲတေးသာသနာပြု ကျောင်းတိုက် အတွင်းရှိ မြလေးနွယ် ဆုတောင်းပြည့် စေတီအတွင်းရှိ ဓမ္မာရုံတွင် ဝါတွင်းကာလ တရားပွဲများ ကျင်းပသွားမည် ဖြစ်သည်။

တရားပွဲများကို ၁၃၆၆ ခုနှစ် ဝါခေါင် လကွယ်နေ့တွင် နိုင်ငံတော် သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ ရှင်ပညာဘိဝံသ (အဘိဓမ္မမဟာရဋ္ဌဂုရု) အောင်မြေဘုံစံကျောင်းတိုက် ဆရာတော်က လည်းကောင်း၊ တော်သလင်း လပြည့်တွင် မိုးကုတ်အဖွဲ့ချုပ် ဘဒ္ဒန္တ ဇနိတ (မဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်က လည်းကောင်း နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို မွန်းလွဲ ၁ နာရီတွင် ဟောကြားမည်ဖြစ် ကြောင်း သိရသည်။

(က-ပ)

❒ အမျိုးသားညီလာခံမှ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် ကျင်းပပြီးစီးခဲ့သော အမျိုးသား ညီလာခံမှ ကိုယ်စားလှယ် အစုအဖွဲ့များ၏ စာတမ်းများအပေါ် သဘာပတိအဖွဲ့၏ သုံးသပ်ချက်များ ပြုစုရေးနှင့် အမျိုးသားညီလာခံ သမိုင်းပြုစုရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ လာမည့် အမျိုးသားညီလာခံကြီးတွင် လုပ်ငန်းကော်မတီက တင်ပြမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင်စခန်းရှိ အဆောက်အအုံများ ပြုပြင်မွမ်းမံပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာကြသော အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးကိုညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဈေးငွေလုပ်ငန်းဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ချေးငွေလုပ်ငန်းများဆိုင်ရာ သင်တန်း(ကြီးကြပ်ဝန်ထမ်းများ)အမှတ်စဉ်(၁/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)စီမံခန့်ခွဲရေးဌာန သင်တန်းခန်းမ(၂)၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၄ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁-၉-၂၀၀၄မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

အသက်၆-လမှ ၅-နှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသော အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ | သတ္တုတွင်းဝန်ကြီးဌာန

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အမှတ်(၁၈၃)နေ ဦးသိန်းထွန်း-ဒေါ်စိန်စိန် (မြို့မ တည်းခိုရိပ်သာ) သားသမီးမြေး တစ်စုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ် ၁၁၁၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ဩဂုတ် ၂၆ရက်က ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

နိုင်ငံတကာပြိုင်ပွဲအတွက်တင်းနစ်လူရွေးပွဲ ပြီးစီး

ရန်ကုန် စက်တင်ဘာ ၄

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲအတွက် လူရွေးပွဲကို ယနေ့နံနက် ၈နာရီတွင် သိမ်ဖြူတင်းနစ်အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပတ်လည်ပြိုင်ပွဲများ ပြီးစီးသွားသည်။

ယနေ့ကျင်းပသည့်လူရွေးပွဲတွင် ဖြိုးမင်းသာက ဇင်ဘိုကို (၆-၁) (၄-၆) (၆-၃)၊ ဝင်းထက်ပိုင်က တင်မျိုးဝေကို (၆-၃) (၆-၂)၊ အောင်ကျော်နိုင်က အောင်ကိုကို ကို (၆-၂) (၆-၃)ဖြင့် အသီးသီးအနိုင်ရရှိသည်။ (ကြေးမုံ)

ဗိုလ်တထောင်စေတီတော်၌ တရားတော်များ ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၄

စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင် ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက အဖျောက်ဆရာတော် ဘဒ္ဒန္တဇနကအရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း တံတားဦးမြို့နယ် ကျွန်းဦးစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တဝိလာသဂ္ဂအရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုဓမ္မာရုံကြီး၌ တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။
(က-ပ)

ဒဂုံအထက(၁) အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၁၂ရက်တွင် ကျင်းပမည့်အစား စက်တင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ စာမေးပွဲအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် စက်တင်ဘာ ၂၁ရက် နောက်ဆုံးထားပြီး ကျောင်းရှိ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့သို့ ဆက်သွယ်နိုင်သည်။
(က-ပ)

စက်တင်ဘာ ၃ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် သူငယ်တန်း(က)မှ ကျောင်းသား မောင်ရွှေချစ်အောင်၏ မွေးနေ့အလှူတွင် အိုဗာတင်းနှင့် ပေါင်မုန့် အာဟာရကျွေးမွေးစဉ်။
(၆၄)

(၃၇)ကြိမ်မြောက် အဘိဓမ္မာစာပြန်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၇)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ+သဘာဝ) စာပြန်ပွဲကြီးကို ၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၅ရက်မှ ၇ရက်၊ (၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၈ရက်မှ ၂၀ရက်)အထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ (ဓမ္မဗိမာန်တော်)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါစာပြန်ပွဲကြီးသို့ ကျမ်းအလိုက် သံဃာတော် ၂၅၃ပါး၊ သီလရှင် ၂၂၅ပါးနှင့် လူပုဂ္ဂိုလ် ၈၀ဦးတို့ ဝင်ရောက် ဖြေဆိုကြရန် စာရင်းတင်သွင်းထားပြီး စာပြန်ပွဲဝင်များနှင့် စာစစ်ဆရာတော်ကြီးများအတွက် စာအောင်ဆုများ၊ သင်္ကန်းဒိုင်စုံများ လှူဒါန်းလိုသူအလှူရှင်များသည် ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက် ဖုန်း-၃၇၈၄၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(က-ပ)

ဒေးဒရဲမြို့နယ် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားကျေးရွာအုပ်စုပေါင်းစုံမိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက်တွင် ဒေးဒရဲမြို့နယ် မြို့မအားကစားကွင်းသစ်ကြီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘောလုံးဆပ်ကော်မတီဝင်များ၊ ဘောလုံး ဝါသနာရှင်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းကျော်က အမှာစကားပြောကြားပြီး ကွင်းဖွင့်ပွဲကို ကျင်းပရာ တော်ကမယ်ကျေးရွာအသင်းက တည်းကုန်း ကျေးရွာ(ခ)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲတွင် စိုက်ပျိုးရေးစခန်း နယ်မြေအလိုက် ကျေးရွာအုပ်စုပေါင်းစုံ အသင်း ၁၇သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။
(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်း ဒုတိယနေ့ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၄ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ–ပွဲစဉ် ၁၉ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်ငါးပွဲ စုစုပေါင်း အမျိုးသား အမျိုးသမီးပွဲစဉ် ၂၄ပွဲ ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

ဗြိတိန်နိုင်ငံ အနုပညာရှင်များ ဂီတဆည်းဆာ ဖျော်ဖြေပွဲ

အခမဲ့ကြည့်ရှုနိုင်

ဗြိတိန်နိုင်ငံ Cambridge University, St. Catharine's College မှ အနုပညာရှင်များ တင်ဆက်ဖျော်ဖြေမည့် ဂီတဆည်းဆာကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ တေးဂီတမြတ်နိုးသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။

၆–၉–၂၀၀၄(တနင်္လာနေ့) ညနေ ၆နာရီ မိနစ် ၃၀	မန္တလေးအမျိုးသားဇာတ်ရုံ
၉–၉–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၆နာရီ မိနစ် ၃၀	ရန်ကုန်အမျိုးသားဇာတ်ရုံ

APEX SNOOKER AND POOL CENTRE

APEX SNOOKER & POOL CENTRE

– 6.9.04

– Dagon Centre Shopping Mall, 2nd floor, Myaynigone. (Ph : 503407)

– 10:00 AM to 1:00PM

APEX SNOOKER & POOL CENTRE

JOB VACANCIES
(For Local Services Only)
Myanmar Millennium Group Co., Ltd.
Require the following posts

(1) Marketing Manager (M/F) 1 - Post
(2) Marketing Executive (M/F) 4 - Post

- must be graduate.
- good command in English.
- at least 3 years experience in IT field.
- must have excellent communication skill and pleasant personality.
- must have good computer knowledge.

Apply to No.4(D), Myaynigone Plaza, Sanchaung Tsp, Yangon, Myanmar within 2 weeks.(Please include CV, recent passport photo, a copy of labour registration card.) (Salary in Kyats.)

မိတ်ကပ် ပွင့်

အမှတ် (၅၉)၊ ၄၄ လမ်း(အောက်)
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - 704105, 09-50-11109.

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါနှင့်အရေးအသားသန့်

(၂၇)ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

Vacancy Announcement
(For Local Service Only)

We are looking for trustworthy, happy, productive, highly energetic, initiative persons who can also be a team player. We invite those who enjoy working in a challenging and self-improving working environment to join us and to grow together.

1. Total Quality Mgmt Manager Male (1) Post
- Age must be under 35
- BE (EC or EP) degree holder would be an advantage
- MBA preferred

2. Biz Development Manager Male/Female (1) Post
- Age must be under 35
- MBA with previous marketing/ sales experience is preferred

3. Accountant Female (1) Post
- Age must be under 45
- B.Com preferred

4. Administrative Asst Female (1) Post
- Age must be under 35
- Must be a University Graduate

For all the above positions, the candidates:-
- Must have strategic thinking for the future of respective business unit
- Must have previous relevant managerial experience
- Must be a computer literate
- Must have fluent in English for both written and oral
- Must be proactive & willing to learn
- Must have strong personality and effective communication skills

Interested candidates can submit your CV together with labor registration card to No.310, #7, Room 701/703, Anawrahta Road, Lanmadaw Tsp., (Corner of Anawrahta & Wadan Rd), Yangon or send mail to ...within 2 weeks.

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်း၊ အမှတ်(၃၆)အမည်ရှိသော မြေတိုင်းရပ်ကွက်၊ အမှတ်(၃–ဘီ)၊ မြေကွက်အမှတ်(၄၃၈–ဂျေ၊၄၃၈–ဂျေ–၁)၊ မြေဧရိယာ(၀.၁၁၁မဧက)ကေကို မြေကွက်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ ဒေါ်ခင်သန်းမြင့်နှင့် ဒေါ်ခင်သန်းအေးတို့၏ အမွေဆက်ခံခွင့်ရှိသူ သားသမီး (၉)ဦးတို့မှ မိခင်တို့၏ အကျိုးခံစားခွင့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရန် ဒေါ်သန်းသန်းဌေး(၁၂/ကမရ (နိုင်) ၀၁၅၃၃၃)အား ၂၆–၈–၂၀၀၄ရက်နေ့တွင်ပေးအပ်သော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

၁။ ဦးတင်ထွဋ်
၂။ ဒေါ်သွန်းသွန်းမေ
၃။ ဒေါ်ခင်မြတ်ကြူ
၄။ ဦးကျော်စိုးမြင့်
၅။ ဒေါ်စမ်းစမ်းအေး
၆။ ဦးမင်းစိုး
၇။ ဒေါ်သက်သက်လွင်
၈။ ဒေါ်စိုးစိုးအောင်
၉။ ဦးထွန်းနိုင်။

အမှတ်(၃၆)၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ငွေ ဆု

Ph: 541722, 590922

စီစဉ်တင်ဆက်သူ – ဝဏ္ဏ (စမ်းချောင်း)

BEST PLAYERS
SPORTS JOURNAL

BEST PLAYERS အပတ်စဉ်ထုတ်အားကစားဂျာနယ်

ပထမဆုံးဂျာနယ် ဝယ်ယူသူတိုင်းကို စာမျက်နှာ(၅၀)ကျော်ပါသော ၂၀၀၄–၂၀၀၅ရာသီ စီးရီးအေးလ်ပွဲစဉ်စာအုပ် မေတ္တာလက်ဆောင်ပေးပါမည်။

ဂျာနယ်တိုက်ဖုန်း – ၀၁–၅၄၄၂၆၃ ၀၁–၅၀၈၀၈၂ ၀၁–၅၀၀၀၂၈

ယုဇန ဒံပေါက် ဝါတွင်းအထူးအစီအစဉ်

ပင်မ – အမှတ် (၉၂) ...လမ်းနှင့် ...လမ်းကြား၊ ...မြို့နယ်၊ ဖုန်း – ...
ဆိုင်ခွဲ(၁) – အမှတ် ...
ဆိုင်ခွဲ(၂) – အမှတ် ...
ဆိုင်ခွဲ(၃) – အမှတ် ...

❖ ကြက်သားဒံပေါက် ❖ ဆိတ်သားဒံပေါက်
❖ သမိမြိစ်ဒံပေါက် ❖ အသီးစုံဒံပေါက်
❖ ထောပတ်ထမင်းနှင့်ဟင်း

အလှူမင်္ဂလာပွဲများအတွက် အထူးအော်ဒါလက်ခံပါသည်။

ဆောက်လုပ်ရေးစီမံကိန်းကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ ဗိသုကာအင်ဂျင်နီယာ ကျား/မ(၁)ဦး
(B.Arch)
လုပ်ငန်းအတွေ့အကြုံ–ဗိသုကာဆိုင်ရာ ပုံစံရေးဆွဲခြင်း အတွေ့အကြုံအနည်းဆုံး(၁၀)နှစ် အထက်ရှိရပါမည်။

၂။ လက်ထောက်ဗိသုကာအင်ဂျင်နီယာ ကျား/မ (၂)ဦး
(B.Arch)
လုပ်ငန်းအတွေ့အကြုံ–ဗိသုကာဆိုင်ရာ ပုံစံရေးဆွဲခြင်း အတွေ့အကြုံအနည်းဆုံး(၃)နှစ်ထက် အထက်ရှိရပါမည်။

၃။ Site Engineer ကျား/မ(၁၀)ဦး
A.G.T.I (Civil)/B.E (Civil)
လုပ်ငန်းအတွေ့အကြုံ– R.Cအဆောက်အဦဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်အထက်ရှိရပါမည်။

၄။ Quality Controlled Engineer ကျား/မ(၆)ဦး
A.G.T.I(Civil)/B.E (Civil)
Structure နှင့် ဗိသုကာဆိုင်ရာ လိုအပ်ချက်များအတိုင်း ဆောက်လုပ်ထားမှုကို စစ်ဆေးနိုင်ရန် လုပ်ငန်းအတွေ့အကြုံ(၅)နှစ် အထက်ရှိသူ ဖြစ်ရမည်။

၅။ Surveyor
Grade (1) ကျား/မ (၂)ဦး
Grade (2) ကျား/မ (၄)ဦး

Grade (1) – မြေတိုင်းခြင်း၊အဆောက်အဦ ပန္နက်ဖော်ခြင်း လုပ်ငန်းများအတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ် အထက်ရှိရပါမည်။

Grade (2) – မြေတိုင်းခြင်း၊အဆောက်အဦ ပန္နက်ဖော်ခြင်း လုပ်ငန်းများအတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ် အထက်ရှိရပါမည်။

အထက်ပါရာထူးနေရာအတွက် အလုပ်လျှောက်ထားသူများသည်–
၁။ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ရဲစခန်းထောက်ခံချက်၊
၂။ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ပညာအရည်အချင်းအောင် လက်မှတ်မိတ္တူ၊ ဓါတ်ပုံတို့နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ စ၍ (၁၀)ရက်အတွင်း

ဒဂုန်အင်တာနေရှင်နယ် လီမိတက်
အမှတ်(၂၆၂–၂၆၄) Dagon Center, Block(A) (၃)ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့ သတ်မှတ်ပုံစံတွင်ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။

(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ လားရှိုးခွဲကျောင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုအားပေး

လားရှိုး စက်တင်ဘာ ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် ညနေပိုင်းက လားရှိုးမြို့ ပြည်နယ် ပြည်ထောင်စု အားကစားကွင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီးအရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် တိုင်းမှူးက ကွင်းဖွင့် အမှာစကားပြောကြားပြီး ကွင်းဖွင့်ပွဲအဖြစ် ကျောက်မဲခရိုင် အသင်းနှင့် လားရှိုးခရိုင်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ကျောက်မဲ၊ ကွမ်းလုံ၊ မူဆယ်၊ လားရှိုးခရိုင်များမှ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(က-ပ)**

အင်းတော်၌ အလယ်တန်းကျောင်းခွဲဖွင့်

အင်းတော် စက်တင်ဘာ ၁

အင်းတော်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအား အခြေခံပညာအလယ်တန်း ကျောင်းခွဲအဖြစ်သို့ တိုးမြှင့်ခြင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အင်းတော်မြို့နယ် ပညာရေးမှူး ဒေါ်တင်အေးတို့က အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် မြို့နယ်ပညာ ရေးမှူး ဒေါ်တင်အေးတို့က အမှာစကား ပြောကြားကြသည်။(၂၃၃)

သဲဖြူတောရဓမ္မရိပ်သာ ကိုးရက်တရားစခန်းပွဲ

မှော်ဘီ စက်တင်ဘာ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာအနီး သဲဖြူတောရဓမ္မရိပ်သာတွင် စက်တင်ဘာ ၁၇ ရက်မှ ၂၇ ရက်အထိ ကိုးရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများသည် ဓမ္မရိပ်သာအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၆၆၇၇၃၆၊ ၆၆၂၈၃၆နှင့် ၆၆၆၁၆၃ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာ၌ စာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်မျိုးစုံ လှူဒါန်း

ပင်းတယ စက်တင်ဘာ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာ "ပညာဗိမာန်" ကိုယ်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် စာကြည့်တိုက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ရဲအုပ်မောင်မောင်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ပိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယမြို့နယ်မှူးက အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးမောင်ကြည်က မြန်မာနိုင်ငံ စာကြည့် တိုက်သမိုင်းနှင့် စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၃၃၈ အုပ်ကို စာကြည့်တိုက်တာဝန်ခံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လွှဲပြောင်းပေးသူ: အမည်	မှတ်ပုံတင်	လိပ်စာ	လွှဲပြောင်းလက်ခံသည့်: မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လွှဲပြောင်းသည့်အကြောင်းအရာ
၁။	ဦးအေးသောင်း+၁	၁၂/တမန(နိုင်)၀၃၂၅၂၆	၁၀၊ ၁၅၂-လမ်း	တာမွေ	၃A²	V ၁၁၆	ဒေါ်အုံးကြည်+၄	အမည်ပြောင်း
၂။	မခင်စိုးမြင့်(ခ)သီတာမြင့်+၄	N/RGN ၀၀၄၆၄ဂ	၁၁၇၊ တက္ကသိုလ်ရိပ်သာ	ကမာရွတ်	၃၆-C	၂၈	ဦးစိုးမြင့်	မြေပုံကူး
၃။	ကိုနိုင်နိုင်အောင်+၁	၁၂/ပဘတ(နိုင်)၀၀၇၃၆၃	၅၆/၅၈၊ ပထမထပ် ရွှေကိုးဘုရားလမ်း ပန်းဘဲတန်း	မရမ်းကုန်း	ဘုရင့်နောင်	က/၁၇၃ A	ဦးတင်မောင်	အမည်ပြောင်း
၄။	ဦးစောအေးနော်ထူး+၆	၇/ညလပ(နိုင်)၀၆၂၀၆ဂ	ဂ၆၂၊ မဟာသုခိတာလမ်း ကြို့ကုန်းအရှေ့အင်းစိန်	အင်းစိန်	၆-D	၁၃	စောစိန်ထူး နော်လှခင်	အမည်ပြောင်း
၅။	ဦးစွန်အောင်သိန်း	၁၃/တကန(နိုင်)၀၅၇၁၀၇	၁၀၊ အနီးယာလမ်း	ရန်ကင်း	၄-က်ဘဲ့	၁၁၇/ဘ-၂	ဒေါ်မြင့်မြင့်	အမည်ပြောင်း
၆။	ဒေါ်မာလာရည်+၁	၁၂/ရကန(နိုင်)၀၅၄ဂ၉၇	၇/၁၊ စွန်းလွန်းကျောင်းလမ်း လမ်းသွယ်(၁)	ရန်ကင်း	၅-က်ဘဲ့	၄၇/၀၅-A	ဦးစိန်လှဝင်း(ခ)ဦးလှဝင်း	အမည်ပြောင်း
၇။	ဒေါ်ခင်အေး(ခ)ဒေါ်ခင်ချိုချို	၃/ကဆက(နိုင်)၀၀၉၀၉၁	၁၃/B၊ မြသီရိလမ်းသွယ်၊ အေဝမ်းမြေလမ်း	မရမ်းကုန်း	၄၃-သမိုင်း	၁၂/ကက၊ ၀၅-A	ဒေါ်ခင်ခင်အေး(ခ)ဒေါ်ခင်ကြည်	အမည်ပြောင်း
၈။	ဒေါ်မြင့်မြင့်စန်း	၁၂/လမန(နိုင်)၀၁၇၅၀၀	၁၀၉၊ ပါရမီလမ်း (၁၆)ရပ်ကွက်၊ လှိုင်	လှိုင်	၂၀(က+ခ)	၁၈၆	နှစ်(၆၀)ဂရန်	အမည်ပြောင်း
၉။	ဦးစောဝေလယ်ဖိုး	၁၂/ဗဟန(နိုင်)၀၇၉၀၈၆	အမှတ်(၂)၊ သုခလမ်း လှိုင်	လှိုင်	၁၄	၅၅/က	ဦးမောင်ပါ+၁	အမည်ပြောင်း
၁၀။	ဦးကျော်သူ	၁၂/ဥကမ(နိုင်)၀၅၄၄၁၄	၁၉၆၊ ဥဩနာ(၆)လမ်း ၈-ရပ်ကွက်၊ မ/ဥ	မြောက်ဥက္ကလာပ	၁၂ရွှေပေါက်ကံ	၆၆၇	ဒေါ်ရွှေရင်	ဂရန်သစ်
၁၁။	ဦးလှမြင့်	၁၂/လသယ(နိုင်)၀၁၃၀၉၅	၃၉၉/က၊ နတ်မောက်လမ်း ၉-ရပ်ကွက်	လှိုင်သာယာ	သကမ-၄	၁၈၆(က)	ဦးခင်စိုး	ဂရန်သစ်
၁၂။	ဒေါ်ခင်မြ(ဘီလစ်)	၁၂/သဃက(နိုင်)၀၂၉၂၂၃	၅၃၊ ၅၄-လမ်း (၂)ရပ်ကွက်	ပုဇွန်တောင်	၁၀-J²	III ၁၄	W.S. Mohamed Ebrahim K.M.Kassim Rowther	မြေပုံကူး
၁၃။	ဒေါ်စိန်တင်ဦးထိန်လင်း+၆	AC ၀၀၀၁၄၃	၃၇၊ အောင်ဇေယျလမ်း	ရန်ကင်း	၄ က်ဘဲ့	၆	ဦးချစ်သောင်း+၁	မြေပုံကူး
၁၄။	ဒေါ်ခင်အေးသန်း	၁၂/လမတ(နိုင်)၀၃၁၄၀၇	ဂ၅၊ ဂန္ဓမာလမ်း ၂-ရပ်ကွက်၊ မရမ်းကုန်း	လှိုင်သာယာ	၄	၁၁၃	ဦးသက်တင်	အမည်ပြောင်း
၁၅။	ဒေါ်ခင်ချိုနိုင်+၄ (ကခ)ဦးခိုင်မြင့်	၁၂/မရက(နိုင်)၁၂၇၇၃၂	၁၇/က၊ ကမ္ဘာအေးဘုရားလမ်း မရမ်းကုန်း	မရမ်းကုန်း	၆၁-က်ဘဲ့	၁၃က^(၁-E-J^B)	ဦးစိုးမြင့်	အမည်ပြောင်း
၁၆။	ဦးသာအောင်ဟိန်း	၁၂/ဗဟန(နိုင်)၀၉၀၆၇၆	၃၊ ဦးကျော်လှလမ်း (၇)ရပ်ကွက်၊ မရမ်းကုန်း	မရမ်းကုန်း	၅၅ သမိုင်း	၅/က^(J-D)	ဦးအောင်ဌေး	အမည်ပြောင်း
၁၇။	ဦးဘဆက်ထွန်း	၁၂/ဗတထ(နိုင်)၀၂၄၀၅၄	၅၉၊ ဇီဇဝါလမ်း	ပုဇွန်တောင်	၁၁ J	၁၀၀	ဒေါ်စိန်စိန်	အမည်ပြောင်း
၁၈။	ဒေါ်နှင်းယု+၅	၁၂/လမတ(နိုင်)၀၁၁၃၀၈	က/၆၃/B၊ ကံကော်လမ်း	မရမ်းကုန်း	ဘုရင့်နောင်	က-၆၃B	ဦးတင်မောင်	မြေပုံကူး
၁၉။	ဦးကျော်မြင့်	၁၂/သကတ(နိုင်)၀၈၁၆၀၇	၀၃၃၊ အောင်သပြေအနောက်(၈)လမ်း ၈-ရပ်ကွက်၊ သာကေတ	သာကေတ	၇/အရှေ့	၂၂၈	ဦးအုန်းကြိုင်+၁	အမည်ပြောင်း
၂၀။	ဦးကျော်သန်း	၁၂/ဥကတ(နိုင်)၀၂၂၀၂၅	၃၄၈/က၊ သုမင်္ဂလာလမ်း (၉)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၉	၃၄၈(က)	ဦးကျော်သန်း+၁	မြေပုံကူး

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လွှဲပြောင်းပေးသူ: အမည်	မှတ်ပုံတင်	လိပ်စာ	လွှဲပြောင်းလက်ခံသည့်: မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လွှဲပြောင်းသည့်အကြောင်းအရာ
၁။	ခင်မောင်ဦး(ခ)အင်ယုအိန်	၁၂/လသန(နိုင်)၀၁၇၉ဂ၁	၃၊ လက်ယန်လမ်း စမ်းချောင်း	စမ်းချောင်း	၂၇-C²	၁၅၇	ဦးအဗ္ဗဒုလ်ဟန်ဆန်း	အမည်ပြောင်း
၂။	ဒေါ်စန်းစန်းရီ	၁၂/လမတ(နိုင်)၀၀၆၇၄၁	၆၃၊ ဇလွန်လမ်း စမ်းချောင်း	စမ်းချောင်း	၂ဂ-C³	၄ဂ	ဦးဘစိန်	အမည်ပြောင်း
၃။	ဒေါ်ခင်ရွှေအေး	၁၂/စခန(နိုင်)၀၂၄၃၀ဂ	ဂ၊ တရုတ်ကျောင်းလမ်း စမ်းချောင်း	စမ်းချောင်း	၂၈-C³	၁၁၃၀	မညိုကြီး	မြေပုံကူး
၄။	ဒေါ်သိမ်းဌေး+၄	၁၀/ခဆန(နိုင်)၀၁၇၇၉ဂ	၃၊ ဝင်္ကဘာလမ်း ဗဟန်း	ဗဟန်း	၂-B	၄၆ဂA/၇	ဦးထွန်းအောင်	မြေပုံကူး
၅။	ဒေါ်ကြည်	၁၂/ဥကမ(နိုင်)၀၄၂၂၅၉	၁၉၅(ခ)၊ ပဒ္မာမြားလမ်း (၄)ရပ်ကွက်၊ မ/ဥ	မြောက်ဥက္ကလာပ	၄	၁၉၅/ခ	ဦးခင်မောင်	မြေပုံကူး
၆။	ဒေါ်မြမြဝင်း	၁၂/သဃက(နိုင်)၀၆၂၆၀၅	၇၅၊ ရွှေပင်တော်လမ်း ၁၀-ရပ်ကွက်၊ သုဝဏ္ဏ	သင်္ဃန်းကျွန်း	၁၀သုဝဏ္ဏ	၇၅	ဦးဝင်းဖေ	အမည်ပြောင်း
၇။	ဦးဇော်ဌေးသန်း	၁၂/စခန(နိုင်)၀၄၆၁၁၁	၁၆၊ အင်းယားမြိုင်လမ်း ဗဟန်း	ဗဟန်း	၁၆-K	၁၁၁R/၇	ဦးစိုးအောင်ဒေါ်လှလှလွင်	အမည်ပြောင်း
၈။	ဒေါ်သူဇာရွှေ	၁၂/သဃက(နိုင်)၁၃၈၁၈၆	၁၅၅/တ၊ မင်းရဲကျော်စွာလမ်း ၁၁-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၀	၁၅၅/တ	ဦးရိုင်ဝင်း	အမည်ပြောင်း
၉။	ဦးသိန်းဦး	၁၂/ဥကမ(နိုင်)၀၆၂၂၈၈	၂၉၄၊ ၃၃-တိုးချဲ့ ဒဂုံမြောက်	ဒဂုံမြောက်	၃၃-တိုးချဲ့	၂၉၄	ဦးအေးကြိုင်	ဂရန်သစ်
၁၀။	ဒေါ်မေဌေးလွင်	၁၃/ကလန(နိုင်)၀၀၉၇၄၆	၁၄၄/၂၊ နံ့သာမြိုင်လမ်း (၁၄/၃)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၁၄/၃	၁၄၄/၂	ဒေါ်ညိုဇို	မြေပုံကူး
၁၁။	ဦးရိုင်ဝင်း	၁၂/ဒဂန(နိုင်)၀၂၁၇၇၆	၆၅၊ ၂၂-လမ်း လသာ	လသာ	၂၁-B²	V ၃ဂ	Lim Shu Eng +၄	မြေပုံကူး
၁၂။	ဦးခင်မောင်	၁၂/ကမတ(နိုင်)၀၁၁၀၀၇၂	၁၂၊ နီဗွားနီလမ်း ကြည့်မြင်တိုင်	ကြည့်မြင်တိုင်	၂၆-F²³	V ၃ဂ(က)	ဒေါ်ရွှေသွယ်	ဂရန်ခွဲ
၁၃။	ဦးခင်မောင်ဦး	၁၂/ဗဟန(နိုင်)၀၃၆၉၀၂	၁၇၊ ၂၀-လမ်း လသာ	လသာ	၂၁-A³	V ၆၁	Mah Win	မြေပုံကူး
၁၄။	ဒေါ်သိန်းဟန်	၁၂/ဗဟန(နိုင်)၀၆၄၄၅၂	၁၁၊ ရှင်စောပုလမ်း ၁၇-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၁၇	ဂ၄၅	ဦးလှဝင်း	မြေပုံကူး
၁၅။	ဒေါ်သန်းမိ	၁၂/တအမ(နိုင်)၀၄၇၇၂၇	ဂ၄၆/ခ၊ ဇဋီလ(၄)လမ်း သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၁၆/၁	ဂ၄၆/ခ	ဦးစိုးမိုး	မြေပုံကူး
၁၆။	ဒေါ်ခင်မာထွေး	၉/မကန(နိုင်)၀၃၇၉၄၃	၁၄၊ ရေတာရှည်လမ်းသစ်၊ ဗဟန်း	ဗဟန်း	၅၂	၃၂	ဦးသိန်းလှိုင်	အမည်ပြောင်း
၁၇။	ဦးလှထွန်း	၁၂/အစလန(နိုင်)၀၂၈၀၉၆	၁၅၀၊ မြန်မာ့ရှုလမ်း စက်မှုဇုန်၊ သာကေတ	ဒဂုံဆိပ်ကမ်း	ဂ၁	၁၄၁	ဦးခင်မောင်မြ	ဂရန်သစ်
၁၈။	ဦးမျိုးခင်	၁၂/ဗဟန(နိုင်)၀၄၆ဂ၃၁	၁၊ ဝင်္ကဘာလမ်း ဗဟန်း	ဗဟန်း	၂-B	၄၆ဂA/၁၂-B	ဒေါ်ခင်လေး	အမည်ပြောင်း
၁၉။	ဦးအောင်မြင့်+၃	၁၂/ကမရ(နိုင်)၀၄၁၂၂၇	၆၁၊ လှည်းတန်းလမ်း (၈)ရပ်ကွက်	ကမာရွတ်	၈၁	၅	ဦးထွန်းနိုင်+၄	မြေပုံကူး
၂၀။	ဒေါ်လှဥမ္မာ	၁၂/ပဇတ(နိုင်)၀၀၂၄၁၆	၁၃၀၆/၃၂ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၂	၁၃၀၆	မန်းချစ်ဌေးနိုင်	ဂရန်သစ်

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ် အထက(၄)၊ ၁၁ပတန်း(ခ)မှ မောင်ပိုင်ဖြိုးချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းလှ[TRY-၀၂၅၆၅၀] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့ အထက(၁)၊ အဋ္ဌမတန်း(ခ)မှ မချိုရတနာထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် [၈/တတက(နိုင်)၀၇၃၃၂၅] ဖြစ်ပါသည်။

ဖခင်အမည်မှန်

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအား ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမှန်(အထက)မှ ခုံအမှတ်(ဆခ-၇၈)ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မောင်ကျော်အာကာဟိန်း[၈/တတက(နိုင်)၁၄၉၂၀၅]၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်[၈/တတက(နိုင်)၀၇၃၃၂၅]ဖြစ်ပါသည်။

မိဘအမည်မှန်

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း V(F)မှ မောင်ရဲမာန်ထူး၏ ဖခင်အမည်မှန်မှာ ဦးတင်လွင်ထူး [၁၂/လမန(နိုင်) ၀၇၈၂၆၇]နှင့် မိခင်အမည်မှန်မှာ ဒေါ်အေးမြစန္ဒာမော် [၁၂/ကမရ(နိုင်)၀၃၅၄၂]ဖြစ်ပါသည်။

အမည်ပြောင်းခြင်း

ဦးမြင့်သိန်း၏သား ဗိုလ်တထောင်(၆)၊ ၁၁ပတန်း(E)မှ မောင်အောင်မျိုးဦးအား မောင်အောင်မျိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်မျိုး။

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၈-၂၀၀၄ရက် ကြေးမုံသတင်းစာ(၁၆)ပါ ကြော်ငြာချက်တွင်ပါဝင်သော ပါမစ်မိတ္တူလျှောက်ထားချက်မှ ဒဂုံအရှေ့ ၁၁၇/၁၀၁အစား ၁၁၇/၁၀၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

[illegible]

ချစ်တဲ့သားလေးမောင်သားသန့် အတွက်

မွေးနေ့ဆုတောင်း

သားဦးလေး **သားသန့်**၏ ၅-၉-၂၀၀၄ နေ့တွင် ကျရောက်သော (၁) နှစ်မြောက် မွေးနေ့မှသည် သက်ဆုံးတိုင် ကျန်းမာပျော်ရွှင်ခြင်းများနှင့်အတူ ပြီးပြည့်စုံသည့် ဘဝကို ပိုင်ဆိုင်နိုင်ပြီး မိဘကိုသိတတ်သော သားဦးရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ... ။

ဖေဖေ-ကိုဇော်ဝင်းအောင် (ထွန်းနေလင်းသစ်ဆိုင်)

မေမေ-မပွင့်သူရ။

[illegible]

[illegible]

[illegible]

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၁

ကွယ်လွန်သူ ဦးအုန်းဖေ(ခ)ဦးတက်တိုး၏ ကျန်ရစ်သောပစ္စည်းများအကြောင်း။

ဒေါ်နုယဉ် **လျှောက်ထားသူ**

မ/၁၁၊ နဝဒေးလမ်း၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။

အထက်ဖော်ပြပါလိပ်စာနေသူ ဒေါ်နုယဉ်က ကွယ်လွန်သူ ဦးအုန်းဖေ(ခ)ဦးတက်တိုး၏ဇနီးဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးအုန်းဖေ(ခ)ဦးတက်တိုးမှ ကျန်ရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအုန်းဖေ(ခ)ဦးတက်တိုးမှာ ကျန်ရစ်သောပစ္စည်းအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၁၄ရက် (၁၃၆၆ခုနှစ်၊ တော်သလင်းလဆန်း ၁ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်နုယဉ်၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဉာဏ်ဝင်း
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် – ၃၄/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၃၁ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

ရာထူး	**ပညာအရည်အချင်း**	**လစ်လပ်**
လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး)	ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ	၂ နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၇-၉-၂၀၀၄နေ့တွင် အသက် (၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၇-၉-၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၇-၉-၂၀၀၄နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ခတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၉-၁၀-၂၀၀၄နေ့နှင့် ၁၀-၁၀-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၇-၁၀-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃) သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ Website လိပ်စာ csstb.imis.com.mm တွင်လည်း ဖော်ပြထားပါသည်။

[illegible]

[illegible]

နိဗ္ဗာန်ရည်မှန်း ရွှေသက်န်း

❊ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည်**'ဒါနသဟာယ'**မည်၏။

❊ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ်ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ဦးဆောင်မှုဖြင့် **"မဟာဇေယျအတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော် မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်နေ့တွင် ရေစက်ချဖွင့်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ-ရွှေတိဂုံစေတီတော် အရှေ့ဘက် စောင်းတန်းကြီးအနီး

ပုံတော်	-ဘူမိဖဿ မုဒြာပုံတော်
ဉာဏ်တော်	-၂၄ပေ ၉လက်မ
ပလ္လင်တော်	-အလျား၂၂ပေ၊ အနံ ၁၅ပေ

မျက်နှာတော်အလေးချိန်-ရွှေ၊ငွေ၊မိုးကြိုး၊ကြေး ၁၂၅ ပိဿာ

ကိုယ်လုံးတော်အလေးချိန်-၁၉၇၅၀ ပိဿာ

စုစုပေါင်းအလေးချိန်-၁၉၈၇၅ ပိဿာဖြစ်ပါသည်။

ရွှေကိုလှူလျှင် ရွှေဆင်းသွင်သို့
ဘဝပင်မခြား တူအကျိုးပွား၏
ဘူမိဖဿ မုဒြာမြတ်ကို
မပြတ်သန့်စင် ရောင်ဝါလွှင်သော
ရွှေစင်သင်္ကန်း ဒါနပန်းဖြင့်
လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်
နှီးဆော်သတင်း ပေးဝေနှင်းသည်
ကောင်းခြင်းဖြာဖြာ ပြည့်စေသော် ...

(၁) ရွှေဆိုင်းဌာန	-ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂) ရွှေအရည်အသွေး	-ရွှေစင် ၉၉ ရာခိုင်နှုန်း
(၃)ကပ်လှူပူဇော်ချိန်	-နေ့စဉ်နံနက် ၆နာရီမှ ညနေ ၆နာရီအထိ
(၄) ဆက်သွယ်စုံစမ်းရန်	-ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၅၄၁၆၈၁။

"ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ"

JOB OPPORTUNITY
(Salary in Kyats - For local service only)

We are looking for the following vacancies exist and interest candidates may apply:

Front Office
1. Front Office Manager
2. Asst: Front Office Manager
3. Front Office Executive
4. Guest Relation Officer

Maintenance
1. Chief Engineer
2. Asst: Chief Engineer
3. Engineer Supervisor

Housekeeping
1. Executive Housekeeper
2. Floor Supervisor
3. Room Attendant

Purchasing
1. Purchasing Manager
2. Purchasing Supervisor

Stewarding
1. Chief Steward
2. Asst. Chief Steward

Account
1. Financial Controller
2. Asst: Financial Controller
3. Chief Account
4. Income Auditor
5. Cost Controller
6. General Cashier

Food & Beverage (Service)
1. Restaurant Manager
2. Restaurant Supervisor
3. Hostess

Food & Beverage (Kitchen)
1. Sous Chef
2. Chef De Partie
3. Commis 1

Store
1. Store Supervisor
2. Store & Receiving Clerk

Human Resources
1. Personnel Manager
2. Personnel Supervisor

Sales & Marketing
1. Sales Manager
2. Asst. Sales Manager
3. Sales Supervisor

Business Lounge
1. Manager
2. Secretary
3. Beverage Supervisor
4. Guest Relations Officer
5. Hostess
6. Beverage Waiter
7. Cashier
8. Purchasing Clerk
9. Waiter

Most of the above positions require good command of English, additional language and previous experience in Hotel & Restaurants is an advantage. Interested candidates are requested to submit their Applications with copies of N.R.C, Qualification Certificate and Labour Registration Card and two recent photos, ward and Police Station testimonial. Please send to G.P.O Box (717) within (10) days from this Advertisement. However should an applicant interested to apply to another positions not mentioned in this advertisement but are working as have previous experience in a related field in the hotel industry may also forward your resume.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာမီးရထားမှ အောက်ပါပစ္စည်းများကို တင်ဒါအမှတ်-၃၃/မမ/ပတ/လျှပ်စစ်ပစ္စည်း (CE)(၂၀၀၄-၂၀၀၅)ဖြင့် ဝယ်ယူလိုပါ၍ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	33/0.4KV,500 KVA Sub-Station	
	(a)33 KV Vacuum Circuit Breaker	1 Set
	(b)33 KV Relays & Remote Control Panel for Vacuum Circuit Breaker	1 Set
	(c)3 P 33/0.4, 500 KVA Power Transformer	1 Set
	(d)1. 33 KV Disconnecting Switch with Earthing Device	1 Set
	2. 33 KV Lightning Arrester	1 Set
	3. 33KV Voltage Transformer	1 Set
	4. 33KV Current Transformer	1 Lot
	5. Battery Charger, Battery Bank	1 Set
	6. 600/100 V Armoued Multi Core Control Copper Cable	1 Lot
	7. Earthing Materials Economy Type	1 Lot
	8. 33KV Terminations Clamp & Connecting Materials for SWG	1 Lot
	9. 0.4~1KV Under Ground Cable	200 Meter
	10. 400 V LV Receiving Panel	1 Lot
	11. 33KV Dropout Fuse complete and Spare Fuse link	1 Set
2.	33 KV Over Head Line (4000 ft)	1 Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၀-၉-၂၀၀၄ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၉-၂၀၀၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ရွှေလင်ပန်းစက်မှုဇုန်ရှိ ဆေးဆိုးစက်ရုံတစ်ရုံတွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့်ဝသော အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ B. E (Textile) ကျား (၁) ဦး
၂။ B.Sc (Chemistry) ကျား (၂) ဦး
၃။ B.Com (စာရင်းကိုင်) ကျား (၂) ဦး
၄။ ဓာတ်ခွဲဆရာ ကျား (၂) ဦး

မှတ်ချက်။ အမှတ်စဉ် (၁) နှင့် (၂) အတွက် အသက် (၃၅) နှစ်အောက် ဖြစ်ရမည်။ အမှတ်စဉ် (၃) နှင့် (၄) အတွက် လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ခန့် ရှိရမည်။ စိတ်ဝင်စားသူများ ကြော်ငြာပါသည့်နေ့မှ ရက်သတ္တ (၂) ပတ်အတွင်း စာတိုက်သေတ္တာ အမှတ် (၁၀၉၇) သို့ ပေးပို့လျှောက်ထားနိုင်သည်။ အလုပ်သမား မှတ်ပုံတင်မိတ္တူ ပါရှိရမည်။

အများသိစေရန်ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ အကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ်(၁၃၀)ဟု ခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၅၈)၊ ပင်လုံလမ်းဟု ခေါ်တွင်သော တိုက်အိမ်နှင့် ဂိုဒေါင်တို့သည် ကွယ်လွန်သူ ဦးစံဘော်-ဒေါ်ညွန့်တို့၏ သားသမီးများဖြစ်ကြသော ဦးညီပု၊ ဒေါ်အေးလှိုင်၊ ဦးကျော်စိန်၊ ဦးလှမော်နှင့် ဒေါ်စိန်ရင်တို့ ပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အအုံများ ဖြစ်ကြပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံ အတွင်းသို့ ဖော်ပြပါ ပိုင်ရှင်များ၏ သဘောတူညီချက် မရရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်း မပြုလုပ်ကြရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးအုံးမောင် B.Sc, BL
တရားရုံးချုပ်ရှေ့နေ၊ နိုင်ငံတော်ပဗ္ဗလစ်၊
အမှတ်(၃)၊ ၃၄လမ်း၊ ရန်ကုန်မြို့။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်းတွင်ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ အကြီးတန်း မြင့်/ဆီနီး အင်ဂျင်နီယာ- Mechanical ကျား (၂)ဦး
B.E(Mechanical)
အကြီးတန်း မြင့်/ဆီနီး အင်ဂျင်နီယာ- Electrical ကျား (၂)ဦး
B.E(Electrical)
အကြီးစားစက်ရုံအလုပ်ရုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အနည်းဆုံး လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ စက်ရုံMaintenanceလုပ်ငန်းများအား ဦးဆောင်၍ လုပ်ကိုင်နိုင်ပြီး Maintenance Plan, Schedule များကို စနစ်တကျ ရေးဆွဲ၍ လုပ်ဆောင်နိုင်သူဖြစ်ရမည်။ Maintenance & Repair တို့ကို ဆောင်ရွက်ရာတွင် Manufacturer's Manuals များအပေါ်အခြေခံပြီး စနစ်တကျ ဦးဆောင်၍ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ (လုပ်ငန်းလိုအပ်လျှင် နေ့/ညတာဝန်နှင့် ရန်ကုန်/မန္တလေးမြို့များတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။)
(အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောဆိုနိုင်သူကို ဦးစားပေးမည်။)

၂။ ဘာသာစကားစာရေး ကျား (၆)ဦး
ပညာအရည်အချင်း အနိမ့်ဆုံး(၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ သို့လှောင်ရုံလုပ်ငန်းနှင့် ပစ္စည်းလက်ခံခြင်း/ထုတ်ပေးခြင်းများတွင် အတွေ့အကြုံရှိသူ ဦးစားပေးမည်။ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ကျရာနေရာများသို့ သေသမျှ သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

အရည်အချင်းပြည့်မီ၍ လျှောက်ထားလိုသူများသည် ပညာအရည်အချင်းဆိုင်ရာ အထောက်အထား၊ CV ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၂)ပုံနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း အောက်ပါလိပ်စာတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်(ရုံးချုပ်) အမှတ် (၂၅၆/၂၆၀) ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၂၄၁၀၀၀၊ ၃၈၁၀၇၈၊ ၃၈၁၀၇၉)

မင်္ဂလာနားအလှပြုပြင်ရေး
၁။ ရာနှုန်းပြည့် ပိုးမွှားကင်းစင်သော ကိရိယာဖြင့် နားပေါက် (ဟောင်း၊ကျယ်) များကို ချုပ်ရိုးပျောက် သေသပ်လှပအောင် ပြုပြင်ပေးသည်။
၂။ ပိုးသတ်ထားသော နားကပ်လှလှလေးများဖြင့် မနာကျင်အောင်နားဖောက်ပေးသည်။
၃။ နားသီးများကို မခွဲစိတ်ရသောနည်းဖြင့် ကုသပေးသည်။
မင်္ဂလာဆေးကုခန်း၊ အမှတ် (၂) စီဗေါ်လမ်း၊ ရေကျော်ဈေးအနီး။ ဖုန်း-၂၉၉၈၃၉

ငြိမ်းချမ်းရေး
TV, VIDEO, VCD
အိမ်အရောက် ပြုပြင်ပေးသည်။
No-၄၁၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ Ph-၅၄၈၁၉၇။

P R A C T I C A L
English Speaking

P.E.S.
U WIN MAW
(RESEARCH)

၁။အခြေခံGrammar & Speaking (၄)လ
အခြေခံမှစ၍(၄)လအတွင်းကျွမ်းကျင်စွာပြောနိုင်ရမည်။
၂။Phonetics ၁½လ
၃။Spoken English (Advanced)(၄)လ
၄။Grammar (Advanced) .... (၄)လ
၅။Reading & Vocabulary ......(၄)လ

HEADWAY သင်ခန်းစာရှိ Level အားလုံးကို အခမဲ့သင်ကြားပေးသည်။ ☎ 503984 222428

အမှတ် (၁၈)၊ ၄-ထပ် (ညာဘက်)ရေတာနာလမ်း၊ ယုဇနကုန်တိုက်အနီး၊ မြေနီကုန်း၊ ရန်ကုန်မြို့။

CMA အသင်းမှ ဖိတ်ခေါ်အပ်ပါသည်
လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ် ၇၃/၇၉ တွင် တည်ရှိသော CMA ပုညကုသလဗဟုကရအသင်း၏ (၁၀၆)နှစ်မြောက် သက်တမ်းရှိ အသင်းပိုင်အဆောက်အအုံဟောင်းကို ဖျက်သိမ်း၍ အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ရန် စီမံဆောင်ရွက်နေပါသည်။ ၎င်းအသင်းပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းဟောင်းဝီရိုများကိုသာ (၁၂-၉-၂၀၀၄)ရက် တနင်္ဂနွေနေ့ မွန်းတည့် ၁၂:၀၀ နာရီတွင် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်ကြည့်ရှု ဝယ်ယူနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ထူးခြောင်းချုပ်ရေးအဖွဲ့၊
ပုညကုသလဗဟုကရအသင်း၊ လမ်းမတော်လမ်း၊ ရန်ကုန်မြို့။

ကျေးဇူးတင်ရှိခြင်း
ဒေါ်အုံးကြူ (ခ)ဒေါ်ဝမ်
အသက် (၇၇)နှစ်

၂၈-၈-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်ခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုံးကြူ (ခ) ဒေါ်ဝမ် နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကြပ်မတ် စောင့်ရှောက်ကုသပေးခဲ့ကြသော ရန်ကုန်ဆေးရုံကြီးနှင့် အာရှတော်ဝင်ဆေးခန်း ကျောက်ကပ်ဆေးအထူးကုသဌာနတို့မှ ဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊သူနာပြုများနှင့်ဆေးရုံဝန်ထမ်းများ အားလုံးတို့အား လည်းကောင်း၊ မိခင်ကြီး၏ နာရေးကိစ္စအဝဝတို့အတွက် ဝိုင်းဝန်းကူညီအားပေး၊ လွမ်းသူ့ပန်းခွေများ၊ ပန်းခြင်းများနှင့်အတူ လိုက်ပါပို့ဆောင်ခဲ့ကြသော ၂၄လမ်း တော်မျိုးစုအသင်း၊ တိုက်ကြီးမြို့နယ်အသင်း၊ ကျောက်တံခါးမြို့နယ်အသင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ E-mail၊ တယ်လီဖုန်းတို့ဖြင့်လည်းကောင်း၊ သတင်းစာမှလည်းကောင်း၊ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု။**

အိုင်အိုဗက်ထရီ(လ်)
အင်းဆက်ပိုးမွှားနှိမ်နင်းဆေး - ကို သုံးကြစို့

ရှင်သီဝလိ ရဟန္တာ ကိုယ်တော်မြတ်ကြီး၏ ထေရုပ္ပတ္တိ

လင်းရောင်တင်
လာဘ်မိုးများကို ခွေစေသူ
မြန်မာပြည်အနှံ့ ဒေသစာရီကြွချီတော်မူပါပြီ။
ဖြန့်ချိရေး Perfect: ၂၂၄၊ ၃၈လမ်း၊ ဖုန်း-၂၅၂၇၈၉။

09-500-3446

အမည်ပြောင်းခြင်း

အဘဦးကျော်ကျော်၏ သမီး အထက(၂) မရမ်းကုန်း ဒသမတန်း (H)မှ မသက်ငုံဖူးကျော်အား မဇင်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မဇင်လင်းထက်။

ZONE ALBUM-3
VCD KARAOKE
6-9-2004 (Monday) ထွက်ပြီ

ရောင်းမည်

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ဆိတ်ငြိမ်ရပ်ကွက်၊ မြေ ၆၀'x ၉၀'၊ ပေါ်ရှိ နှစ်ထပ် RC၊ အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်နေ။(ညှိနှိုင်းနိုင်သည်။)

ဖုန်း-၅၇၇၈၅၄။

အမြန်ရောင်းမည်

လက်ရှိ မောင်းဆွဲနေသော မော်တော်ယာဉ်လိုင်း အပါအဝင် CANTER (ကက/---) 86 Model ညှိနှိုင်းဈေး။

ဆက်သွယ်ရန်-၂၁၀၆၃၈။

အိမ်စီးကားသန့်ရောင်းမည်

Presto (၄)ချိတ် အင်ဂျင်လဲပြီး။

ဖုန်း-၅၀၅၃၃၅။

YOUTH Computer Centre
Hot Line - 376418
ဦးဇော်လင်း (YOUTH Computer) မှ မြန်မာဘာသာဖြင့်
ရေးသား ပြုစုသော
ခေတ်ပေါ်နှင့်မြန်မာ့ရိုးရာတူရိယာသံစဉ်များကို ကွန်ပျူတာဖြင့်ဖန်တီးခြင်း
Modern & Traditional Music Creation with
FL Studio 4 (Fruity Loops) စာအုပ် စီဒီနှင့်တကွ ထွက်ပါပြီ။
Digital Audio & Sound Effect Course
Digital Audio Workstation for Guitarist
Certificate in Music Production
Windows XP, DTP & Design, C & C++, VB, AutoCAD, Graphics Design, ACCPAC Plus
CI-292, 1st Floor, Tarmwe
CII-118, Grd Floor, 39th St(Lower)
CIII-27/403, 2nd St, B Block, Yuzana

ဒေါ်နန်းနော်ဇာ(MEG-2142144)အမှတ်-၃၄၂။ (၄၇) ရပ်ကွက်၊ ဗန္ဓုလလမ်း၊ မြောက်ဒဂုံမြို့နယ်အား ကျေးဇူးတင်ကြောင်း ပြန်ကြားချက်

ဒေါ်နန်းနော်ဇာအနေဖြင့် နယ်ဝေးတွင်ခရီးလွန်နေပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်သွယ်မှု မရရှိခြင်းကြောင့် ၂၈-၈-၂၀၀၄ နေ့စွဲဖြင့် ကြေးမုံသတင်းစာတွင် ထည့်သွင်းသော ကျွန်တော် ဦးဝင်းကို၏ ကြေညာချက်ပေါ်၌ ဒေါ်နန်းနော်ဇာကိုယ်တိုင် (TOSTA GROUP LTD)တွင် တိုက်ခန်းအမည်ပေါက် ရရှိရေးအတွက် ၁-၉-၂၀၀၄နေ့တွင် လာရောက်ဆောင်ရွက်ပေးခဲ့ပါသဖြင့် ကျေးဇူးတင်ရှိပါသည်။

ဦးဝင်းကို
အမှတ် ၅၃(အေ)၊ ၈၉ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဦးတင်မောင်ဌေး (B.A (Law), LL.B, D.B.L)

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅)အက်စ်)၊ ဦးပိုင်အမှတ် (၈-က)၊ ဂရန်မြေကွက်အား ဒေါ်စန်းစန်းဟန် မှတ်ပုံတင်အမှတ်(၉/မရမ(နိုင်)၀၄၂၁၈၀)မှ အမှတ်တွဲအမှတ် ၁၀၄၂/၂၀၀၄-၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅)အင်န်)၊ ဦးပိုင်အမှတ် (၂၁၉-က)၊ ဂရန်မြေကွက်အား ဒေါ်ခိုင်းဟန် မှတ်ပုံတင်အမှတ် [အမ်ဒီပိုင်အင်န်အီး-၀၂၆၈၄၉] မှ အမှတ်တွဲအမှတ် ၁၀၄၄/၂၀၀၄-၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

UNITED PAINTS GROUP CO., LTD.

OCEAN STAR MARINE PAINT

ဦးစန်းလွင်
B.A., H.G.P., R.L., ADVOCATE.

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ၂၀နှင့် ၁)
ရန်ကုန်တိုင်းတရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၄၄၉

ဒိုရာလော(ခ)ဒေါ်ညွှန့်ဝေ နှင့် ၁။ ဒေါ်လှစိန်ပါ-၃
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသန်းထွန်း)

တရားလို တရားခံ

အမှတ်-၅၁(မြေညီထပ်)၊ ၉၁-လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒိုရာလော(ခ)ဒေါ်ညွှန့်ဝေက အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်နှင့် မေတ္တာဖြင့်အပိုင်ပေးအပ်ခြင်းစာချုပ်တို့ တရားမဝင်အတည်မဖြစ်ပျက်ပြယ်ကြောင်း မြွက်ဟမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၂၀ရက် (၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက်)နေ့ မွန်းမတည့်မီ ၉:၃၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅)အင်န်)၊ ဦးပိုင်အမှတ် (၂၀၅-ဃ)၊ ဂရန်မြေကွက်အား ဒေါ်အေးအေး မှတ်ပုံတင်အမှတ်[အမ်ဒီပိုင်အင်န်အီး-၀၂၆၈၅၀]မှ အမှတ်တွဲအမှတ် ၁၀၄၃/၂၀၀၄-၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅)အင်န်)၊ ဦးပိုင်အမှတ် (၂၀၁-ခ)၊ (ခဲစင်ပြ) ဂရန်မြေကွက်အား ဦးနိုင်ဝင်း(ခ)ဘိုးတုတ်မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၀၃၉၂၈၀]မှ အမှတ်တွဲအမှတ် ၁၀၅၉/၂၀၀၄-၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/အမည်ပြောင်း/ဂရန် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဘုရားရဟန်းသိမ်ကျောင်း ဒါယကာ ဦးစိန်လှိုင် အသက်(၆၀)

(မြောင်းမြ)

ဇရာဝတီတိုင်း၊ မြောင်းမြမြို့၊ အမှတ်(၅) ဦးဘချို လမ်း၊ မြောက်ပိုင်း အမှတ် (၂)ရပ်ကွက် နေ (ဦးစစ်ဟုန်-ဒေါ်သောင်းရွှေ)တို့၏သား၊ ပွဲစား (ဦးလှရွှေ)-ဒေါ်သန်းခင်တို့၏ သားသမက်၊ ဒေါ်စန်းရင်၏ ခင်ပွန်း၊ ကိုခင်ဇော်၊ မမာဆုဦး၊ ကိုအေးတင်-မခင်ခင်ထွေး၊ ကိုစံရွှေမြင့်၊ ဒေါက်တာထွန်းဝင်း (လ/ထ ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံ)၊ မောင်ဝေမင်းဖြိုး-မဟုတ္တမြာတို့၏ ဖခင် မြေးလေးယောက်တို့၏ အဘိုးသည် ၁-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၄ ရက်တွင် ထိန်ဝင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဓ/၇၄၂၃မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး၊ အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက်၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်းဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၅၅၆၄၅။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ခင်သင်းရီ
(သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီး)

သူငယ်ချင်း ဒေါက်တာခင်မောင်ဖြူ (A&O Co;Ltd) -မမွန်မွန်မြတ်တို့၏ မိခင်ဆရာမကြီး ဒေါ်ခင်သင်းရီ (သားဖွားမီးယပ်)သည် ၂၇-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းဆရာဝန်များ
၁၉၇၆-၈၂ စာသင်နှစ်၊ ဆေးတက္ကသိုလ်၊ မန္တလေး။

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးပါမောက္ခဒေါက်တာဦးမြသောင်း(ဆီးနှင့်ကျောက်ကပ်ခွဲစိတ်)၏ဇနီး ဆရာမကြီး ဒေါက်တာဒေါ်ခင်သင်းရီ(သားဖွား/မီးယပ်)သည် ၂၇-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပည့်ဆရာဝန်များ၊ ၁၉၇၆-၈၂စာသင်နှစ်၊ ဆေးတက္ကသိုလ်၊ မန္တလေး။



ဒေါ်ဒေါ်ခင်ယဉ်
အသက်(၆၀)

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ရုံးတောကျေးရွာနေ (ဦးထွန်းတင်–ဒေါ်လှကြည်)တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ်(၁၀၄၈)နေ ဦးတင်လှိုင်(ထိပ်တန်းအဆင့်မြင့် စက်ရေတွင်းတူးလုပ်ငန်း၊ ကျေး/ရေ၊ အတွင်းရေးမှူး၊ လယ်ဝေးမြို့နယ်အသင်း)၏ ချစ်လှစွာသောဇနီး၊ ဦးမြဟန်(ဒိုက်ဦးမြို့နယ်တရားသူကြီး)–ဒေါ်ခင်နန်းလှိုင်၊ မောင်ကိုကိုလှိုင်၊ မဌေးဇင်မော်(ဒဂုံ/မြောက်တရားရုံး)၊ မမိုးမိုးလှိုင်၊ မောင်မောင်လှိုင်၊ မမေဇင်အုန်းမောင်၊ မမင်းမင်းလှိုင်(ဒဂုံမြောက်တရားရုံး)တို့၏ မိခင်၊ မမြသီတာလှိုင်(အထက–၃၊ဒဂုံမြောက်)၊ မောင်ထက်လှိုင်ဟန်(အမက–၈၊ဒဂုံမြောက်) မမြသဇ္ဇာလှိုင်၊ မချိုဇင်လှိုင်၊ မဖူးအိလှိုင်တို့၏ အဘွားသည် ၂–၉–၂၀၀၄ ရက် တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆–၉–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အိမ်ဖိုးစံ(ခ)ဦးအေးမောင်(ခ) ဦးခင်မောင်အုန်း
အသက်(၄၄)နှစ်
B.A(Myanmar)
တာမွေကိုကေ့နှင့် မြတ်မင်္ဂလာ ပရိဘောဂ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က–ဂ)ရပ်ကွက်၊ လမ်း ၁၆၀၊ အမှတ်(၈)နေ (ဦးချစ်မောင်–ဒေါ်ကျင်မြိုင်) တို့၏ သားထွေး၊ (ဦးကျော်တင့်)–ဒေါ်ရှုတင်၊ ဒေါ်ရှုဟုန်၊ ဦးစိန်အောင်၊ ဦးမျိုးအောင်၊ ဦးစိန်မောင်–ဒေါ်အေးမြင့်၊ ဒေါ်နုနု B.Sc(Bot)(Cred) တို့၏ ညီ/မောင်၊ ဒေါ်ခင်မြင့်မော် B.Sc (Phy) (QII)၊ ဒေါ်ခင်ခင်စိုး B.Sc(Chem)(Q) တို့၏အစ်ကို၊ ဦးမျိုးဝင်း–ဒေါ်ယဉ်ယဉ်ထွန်း၊ မောင်ထက်အောင်ဖြိုး၊ မောင်ဟိန်းထက်အောင်တို့၏ဦးလေး၊ မဇူဇူးစံ၏ အဘိုးလေးသည် ၃–၉–၂၀၀၄(သောကြာနေ့)တွင်ကွယ်လွန်ပါ၍ ၅–၉–၂၀၀၄ (တနင်္ဂနွေနေ့)နံနက်၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဲအုပ်တင်ယုအသက်(၅၀)
စခန်းမှူး(ဘားကပ်)၊ ကရင်ပြည်နယ်

(ဦးယုလွင်–ဒေါ်တင်ကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၁၃၇)၊ (၃၈)လမ်း၊ တတိယထပ်(ဝဲ)နေ ဦးတင်ထွဋ်–ဒေါ်ခင်အေးအေးတို့၏သားသမက်၊ ဦးစိုးမြင့်–ဒေါ်မြင့်မြင့်တို့၏ မောင်၊ ဦးသန်းအောင်(မြို့နယ်အင်ဂျင်နီယာ၊ဆောက်လုပ်ရေး၊ ညောင်တုန်း)–ဒေါ်ခင်လေးမွန်၊ ဦးပြေညွန့်–ဒေါ်ခင်ဖြူဖြူ၊ ဦးမျိုးသူရ၊ ဒေါ်ခင်နီနီထွဋ် (ဒဂုံတက္ကသိုလ်)၊ ဒေါ်သီဂီထွဋ် (ဆက်သွယ်ရေး)တို့၏ အစ်ကို၊ ဒေါ်ခင်ဝါဝါ(ဆ–သ–ရ၊ ငြိမ်း)၏ ခင်ပွန်း၊ မောင်ဟိန်းထက်ဇော်(အထက၊ဘားကပ်)၏ဖခင်၊တူ၊တူမ ရှစ်ယောက်တို့၏ဦးလေးသည်၃–၉–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော၌ ကွယ်လွန်ပါ၍ ၅–၉–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်ဦး(၄၈)နှစ်
ဦးစီးအရာရှိ(အကျဉ်းဦးစီးဌာန)

သုဝဏ္ဏမြို့နေ ဦးစံသိန်း(သွားဆေးကောင်စီ)–(ဒေါ်စန်းစန်းဇော်)တို့၏ သားသမက်၊ မ/ဒဂုံ၊ မဟာမြိုင်အိမ်ရာနေ (ဦးခင်ဦး)–ဒေါ်အေးအေးတို့၏ သားကြီး၊ ဦးဇော်ဝင်းမြင့်(စုစံရေခဲသေတ္တာလုပ်ငန်း)–ဒေါ်ခိုင်ခိုင်သိန်း (၄၀ါစတိုး)၊ ဦးဇော်ဝင်းဦး(မြိုင်ကလေး၂)၊ ဦးခင်ဇော်ဦး(စုစံရေခဲသေတ္တာလုပ်ငန်း)–မလွင်မာထွန်း၊ ဒေါ်ဘောဘီဦး၊ ဦးရင်အေး၊ ဦးကျော်အောင် (အငယ်တန်းအင်ဂျင်နီယာ–၂၊ ဆသရ)–ဒေါ်ဝါဝါထွေးတို့၏ အစ်ကိုကြီး၊ ဒေါ်နီလာသိန်း၏ ချစ်လှစွာသော ခင်ပွန်း၊မစုလဲ့နိုင်၊ မခိုင်ကွန်းဇော်၊ မခင်စန္ဒီဦးတို့၏ဖခင်သည် ၃–၉–၂၀၀၄ ရက် နံနက်၆း၃၀ နာရီတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံတွင် ကွယ်လွန်ပါ၍ ၅–၉–၂၀၀၄ ရက် မြိတ်မြို့၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်သိန်းမြင့်စိုး(၃၁)နှစ်
ဆင်မလိုက်အဝေးပြေးဝင်း

ရန်ကုန်မြို့၊ အမှတ်–၈၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက်နေ ဦးလှသိန်း–(ဒေါ်လှမြင့်)တို့၏ သားထွေး၊(ဦးအေးကြည်)–ဒေါ်တင်မြင့်ကြည်၊ ဒေါ်မေလတ်ကြည်၊ ဦးကျော်ကျော်၊ ကိုသက်ဦး–မစမ်းစမ်းဌေး၊ ကိုအောင်အောင်–မမြင့်မြင့်ခိုင်၊ ကိုဇော်လင်း၊ မအေးအေးစန်း၊ ကိုကျော်စွာသိန်းတို့၏ ညီ/မောင်၊ မနှင်းဝတ်ရည်၊ မောင်ဝေယံလင်း၊ မောင်လှဖြိုးဦး၊ မောင်လှစိုးဦး၊ မထက်ထက်ဝတ်ရည်၊ မပြည့်အိခိုင်၊ မချစ်စုတို့၏ ဦးလေးသည် ၃–၉–၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၅–၉–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စောကြည်ကြည်
အသက်(၇၈)နှစ်
စာရေးဆရာမ တက္ကသိုလ်ယုမွန်
မြန်မာစာကထိက(ငြိမ်း)
(ကျိုက်ထို)

ရန်ကုန်မြို့နေ (ဦးဦးသာ–ဒေါ်မြသန်း)တို့၏ သမီး၊ ဦးစံအေး–(ဒေါ်သန်းတင်)တို့၏ညီမသည် ၂–၉–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် အာရှတော်ဝင်အထူးကု ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ထွေးတင်(ခ)ကရင်မ
အသက်(၇၃)နှစ်
(ကညွတ်ကွင်း)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ စံပယ်လမ်း၊ အမှတ်(၃)၊ (၅)ရပ်ကွက်နေ ဦးကြူ–ဒေါ်ငွေတို့၏ သမီးကြီး၊ ဦးဝိန်–ဒေါ်အုန်းရင်တို့၏သမီးချွေးမ၊ ဦးသိန်းဟန်(ခ)ဦးဝါလင် (လုကိန္နရီဓာတ်ပုံတိုက်)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်မင်း–ဒေါ်စမ်းစမ်းဦး (နှင်းဆီကုန်ထုတ်)၊ ဦးသူနိုင်(ခ)ဦးမောင်မောင်–ဒေါ်သန်းသန်းဌေး(TTC – ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးအောင်ကျော်ထူး–ဒေါ်စန်းစန်းအေး၊ ကိုအောင်ကျော်ဆန်း(ခ)ဂျပန်ကြီး၊ ကိုမျိုးမင်းထွန်း–မချိုနွယ်ဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏ အဘွား၊ ဒေါ်ထွေးရှု၊ ဦးခင်မောင်–ဒေါ်မြင့်မြင့်စိန်တို့၏ အစ်မကြီး၊ ဦးမျိုးမြင့်(ခ)ဦးဝါကီ–ဒေါ်နွဲ့ရင်၊ ဦးဝင်းဇော်–ဒေါ်တင်ကြည်၊ ဒေါ်ကြည်၊ ဒေါ်စန်းစန်းလွင်(ထ–၁၊ စမ်းချောင်း၊ ကျောင်းအုပ်၊ ငြိမ်း)၊ ဒေါ်တင်ရီတို့၏ အစ်မကြီးသည် ၃–၉–၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်ပါ၍၅–၉–၂၀၀၄(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်စိန် (၇၂)နှစ်
(ပျဉ်းမနား)

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ ဦးဘွားလမ်း၊ အမှတ် ၁၂/၅၊ ရွှေဝါမွေးမြူရေးအစာဆိုင်နေ ဦးသာထွန်း၏ ဇနီး၊ ဦးအောင်သိုက်–ဒေါ်မြင့်မြင့်ယဉ်၊ ဦးဘသန်း–ဒေါ်နီလာဝင်းတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၃–၉–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ပျဉ်းမနားမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်ဦး(၄၈)နှစ်
ဦးစီးအရာရှိ(အကျဉ်းဦးစီးဌာန)

ရန်ကုန်မြို့၊ မ/ဒဂုံ၊ မဟာမြိုင်အိမ်ရာနေ (ဦးခင်ဦး)–ဒေါ်အေးအေးတို့၏ သားကြီး၊ သုဝဏ္ဏမြို့နေ ဦးစံသိန်း(သွားဆေးကောင်စီ)–(ဒေါ်စန်းစန်းဇော်)တို့၏ သားသမက်၊ ဒေါ်နီလာသိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှကြည်(ဒုညွှန်မှူး၊ အကျဉ်းဦးစီး)–ဒေါ်စိန်စိန်မြင့်တို့၏ ညီ၊ ဦးကျော်နိုင်ဦး (အလှသစ္စာ ဓာတ်ပုံတိုက်)၊ ဦးအောင်မင်း(3rd Mate,Sun Rise Yan Ming Kine)–ဒေါ်သက်သက်မော်ဦး၊ မောင်မြင့်နိုင်ဦးတို့၏ အစ်ကိုကြီး၊ မစုလဲ့နိုင်(အထက–၁၊တနင်္သာရီ)၊ မခိုင်ကွန်းဇော်(အထက–၁၊တနင်္သာရီ)၊ မခင်စန္ဒီဦးတို့၏ ဖခင်သည် ၃–၉–၂၀၀၄ရက် နံနက်၆း၃၀နာရီတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံတွင် ကွယ်လွန်သွားပါ၍ ၅–၉–၂၀၀၄ ရက်တွင်မြိတ်မြို့၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ ရွှေသားမျက်နှာကြက်တော်၊ ထီးတော် တံတိုင်း၊ ရေတွင်းနှင့် မီးစက် ဒါယိကာမကြီး
ဒေါ်ကောင်းဆင့် (၉၄)နှစ်
(ရေဦးမြို့)

ရေဦးမြို့ (ဦးဘကျော်)၏ဇနီး၊ (ဦးဘို)၊ ဒေါ်ခင်ဌေး (ဒီပဲယင်းမြို့နယ်၊ တိုင်နတ်ရွာ)၊(ဒေါ်တင်အေး)၊ ရေဦးမြို့နေ ဦးမောင်မောင်ကို(အထပြ အုပ်၊ငြိမ်း၊ မ/ဥက္ကလာ)၊ ရန်ကုန်မြို့၊ ဦးတိုက်အောင်၊ ဦးဌေးအောင်(ရေဦးမြို့)၊ ဦးဌေးမောင်(မန္တလေးမြို့)နှင့် ဒေါ်ခင်ထွေး၊ (လ/ထညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်–၁၊ စက်မှုဝန်ကြီးဌာန)တို့၏ မွေးသမိခင်ကျေးဇူးရှင် မြေး၁၉ယောက်၊ မြစ် ၁၇ ယောက်တို့၏ အဘွားသည် ၁၆–၈–၂၀၀၄(တနင်္လာနေ့) နံနက်တွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်းအိမ်ရာ၊ တိုက်(၃) နေအိမ်၌ ကွယ်လွန်ပါ၍ ၁၈–၈–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါ သည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဦးအပ္ပဒူဆတ္တား
အသက်(၈၀)

ရန်ကုန်တိုင်း၊ လသာမြို့နယ် (၁၁၁)၊ ၂၄လမ်းနေ ဒေါ်တင်ဥ၏ခင်ပွန်း၊ ကိုမျိုးလွင်–မသီသီမာ၊ ကိုသိန်းရွှေ–မမာမာအေး၊ မောင်မောင်သိန်း–မသူဇာထွန်း၊ မောင်မောင်သန်း၊မောင်မောင်တင်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်ခင်တွယ်တာရသောအဘိုးသည် ၃၁–၈–၂၀၀၄ရက်ည ၁၀း၅၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) မိုးယ်ကျဗလီတွင် ဗိုဟိုရ်နမားဇ်အပြီးရေဝေးစွန္နီမွတ်စလင်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တိုးကြည် (၇၃)နှစ်
(ဘိုကလေး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဘယသုဒ္ဓိဖြတ်လမ်း အမှတ်(၈) ပထမထပ်နေ (ဦးကျင်ပြန့်–ဒေါ်ကျင်မြိုင်)တို့၏ သမီး၊(ဦးစိန်ချမ်း)၏ ဇနီး၊ (ဦးခွန်ဟောင်း–ဒေါ်လှကြည်)၊ (ဦးလွန်းမောင်–ဒေါ်ဌေးလွင်)တို့၏ ညီမ၊ ဦးမင်းသန့်–ဒေါ်သိန်းသိန်း၊ ဒေါ်သန်းသန်း၊ ဦးဌေးအောင်–ဒေါ်ကြည်ကြည်၊ ဦးစိုးလွင်–ဒေါ်ခင်မာလှတို့၏ အစ်မ၊ (ဦးခင်မောင်ထွန်း)–ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးငြိမ်း၊ ဒေါ်ဝင်းဝင်းကြူ၊ ဦးလှမင်း၊ ဦးဌေးအောင်–ဒေါ်မလေးတို့၏မိခင်၊ မဖြိုးမေသူ၏အဘွားသည် ၃–၉–၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်ပါ၍ ၅–၉–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်အေးပို (၅၈)နှစ်
အထက(၄)၊အလုံ(ငြိမ်း)၊ (မအူပင်)

ဧရာဝတီတိုင်း၊ မအူပင်မြို့နေ (ဦးကြည်လှိုင်–ဒေါ်ကျင်မေ)တို့၏ သမီး၊ (ဦးညိမ်း–ဒေါ်လုံးကျင်)တို့၏ ချွေးမ၊ (ဦးမျိုးညွန့်)၏ဇနီး၊ (ဦးတိုးအောင်)၊ ဦးစန်းတင့်–ဒေါ်ခင်စိုးဝင်းတို့၏ ညီမ၊ (ဦးတင့်အောင်)–ဒေါ်အေးမြင့်၊ ဦးအောင်ချို–ဒေါ်တင်ဝင်း၊ ဒေါ်ကြည်ကြည်စန်းတို့၏ အစ်မ၊ (မကြည်ကြည်ညွန့်)၊ ကိုနေဝင်းလှိုင်၊ကိုစည်သူ–မတင်တင်မြင့်၊ ကိုရန်မျိုးအောင်၊မညွန့်ညွန့်အေး၊ကိုဇာနည်မျိုး၊ မသီတာမျိုးတို့၏ ချစ်လှစွာသော မိခင်၊ မခင်မျိုးသူ၊ မောင်မင်းထက်ကျော်တို့၏ အဘွားသည် ၄–၉–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၁၁လမ်း၊ အမှတ်၈၅ နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ကြီး
အသက်(၄၈)နှစ်
လှိုင်ရတနာဈေး

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးသန်းဖေ–(ဒေါ်တင်ဦး)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရိပ်သာ၊တိုက်(၅)၊အခန်း(၃)နေ ဒေါ်တင်ရွှေ၏ ခင်ပွန်း၊ ဦးရဲထွဋ်–ဒေါ်ခင်ဦးသန်း၊ဒေါ်ခင်အေးသန်းတို့၏ မောင်၊ ဦးမင်းခေါင်–ဒေါ်နီနီ၊ဦးရဲခေါင်–ဒေါ်လှလှမော်တို့၏ အစ်ကိုကြီး၊ မောင်ရဲလင်းအောင်၊ မောင်နေလင်းအောင်–မပြည့်ဖြိုးဝင်း၊ မစိုးသန္တာအောင်တို့၏ ကျေးဇူးရှင် မွေးသဖခင်သည် ၂–၉–၂၀၀၄ရက်တွင် သုခကမ္ဘာဆေးခန်း၌ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းစိန်(၆၇)နှစ်
မြို့နယ်ပညာရေးမှူး(ငြိမ်း)
(သာစည်မြို့)

မန္တလေးတိုင်း၊ သာစည်မြို့နေ (ဦးအေးစိန်)–ဒေါ်အုန်းတင်တို့၏ သား၊ (ဦးရေချမ်း –ဒေါ်မွေး)တို့၏သားသမက်၊ သာစည်မြို့၊အမှတ်(၁)သာယာအေးရပ်ကွက်နေ ဒေါ်အုန်းယဉ်၏ ခင်ပွန်း၊ ကိုခင်မောင်သန်း–မကျင်စိန်မြင့်၊ ကိုမြင့်ကြိုင်သန်း–မစန်းစန်းနွဲ့၊ ဗိုလ်ကြီးမြင့်နိုင်သန်း–မခင်စန်းရီ၊ ကိုမြင့်ခိုင်သန်း–မခင်ထွေးရီ၊ တပ်ကြပ်အောင်နိုင်သန်း–မသူဇာမိုး၊ ကိုခင်မောင်လင်း–မအေးအေးမော်၊ ကိုမင်းဇော်သန်း–မသန္တာအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၆–၈–၂၀၀၄ (ကြာသပတေးနေ့)ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် သာစည်မြို့သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းကြည်(ခ) ဒေါ်သောင်း(၆၃)နှစ်
(ကညွတ်ကွင်း)

ပဲခူးတိုင်း၊ဖြူးမြို့နယ်၊ကညွတ်ကွင်းမြို့နေ (ဦးမောင်–ဒေါ်ပု)တို့၏သမီးကြီး၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ စံပါယ် လမ်း၊ အမှတ်၁၄နေ ဦးမဲ့၏ ဇနီး၊ (ဦးညွန့်သန်း)၏ ညီမ၊ ဦးတင်ထွန်း၊ ဦးကျော်ငြိမ်း၊ဒေါ်မုန်းတို့၏ အစ်မ၊ ဦးစိုး လွင်–ဒေါ်သန်းသန်းမြင့်၊ Kevine Kline–မရီရီအေး(သူနာပြု)၊မောင်အောင်ဇော်ဝင်း၊ မောင်လှမိုး–မသန္တာဖြူ၊ မောင်တိုး မြင့်၊ မခင်သက်ထား၊မောင်ရဲသီဟ (UNDP)–မငြိမ်း ငြိမ်းဝေ၊ မနှင်းနှင်းဝေ၊ မသူဇာ၊ မနှင်းအိဖြူတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂–၉–၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၉း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညီကြီး(၆၂)နှစ်
တပ်မတော်ရေ(ငြိမ်း)

သံတွဲမြို့၊ တရော်တောကျေးရွာနေ (ဦးယက်သဲ့–ဒေါ်စောဦး)တို့၏ သား၊ (ဦးတင်ဟန်–ဒေါ်မအောင်)တို့၏သားမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၅)ရပ်ကွက်၊ ကြံခိုင်ရေးလမ်း၊ အမှတ်(၅၇၅)နေ ဒေါ်တင်တင်သန်း၏ခင်ပွန်း၊ ဦးစိုးမင်းအောင် – ဒေါ်သန်းသန်းအေး၊ ဦးစိုးလှိုင်၊ ဦးစိုးနိုင်–ဒေါ်နန်းသန်းရှင်၊ ဦးဝင်းနိုင်–ဒေါ်မော်မော်တို့၏အစ်ကို၊ မောင်ကိုကိုဦး၊ မောင်ကိုကိုလတ်၊ မတင်စန္ဒာလင်း၊ မောင်ကိုကိုလေးတို့၏ မွေးသဖခင်သည် ၃–၉–၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅–၉–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဖိဇ်အီလီယာစ်(ခ)ဦးမှတ်ဆိတ်
အသက်(၅၉)နှစ်
(အုတ်၊သဲ၊ကျောက် ရောင်းဝယ်ရေး)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၂၅)နေ (ဦးယူစွဖ်–ခသီဂျာဘီ)တို့၏သား၊ (AK မာရီကား–ဟလီမာဘီ)တို့၏သားသမက်၊ ခသီဂျာဘီ(ခ) ဒေါ်တီမာ၏ခင်ပွန်း၊ ယာစိရ်(ခ) ကိုမြင့်သိန်း၊ ကူလ်စုမ်ဘီ၊ အာမိရ်(ခ)အဘိုးရှဲ့အပ်(ခ)အငယ်လေး၊ ရမ်လဟ်ဘီတို့၏ ဖခင်သည် ၁–၉–၂၀၀၄ရက်နံနက်၃း၃၀ နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ဇဟိုရ်အပြီး ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကြည် (၈၁)နှစ်
(ကြံခင်းမြို့)

ကြံခင်းမြို့၊မြို့မရပ်နေ (ဦးအင်းတင်–ဒေါ်သန်း)တို့၏သားကြီး၊ ကိုအေးမင်း–မမာမာ၊မသင်းသင်းရည်၊မမွေးမွေးကြည်တို့၏ဖခင်၊ (ဒေါ်မြသွင်)၏ခင်ပွန်း၊ (ဒေါ်ကျင်ရွှေ)ဦးစိန်–ဒေါ်ခင်စန်း၊ ဦးချင်းစိန်–ဒေါ်သန်းစိုး၊(ဦးပိုးဟုတ်)–ဒေါ်ခင်တီ၊ တိုင်းရင်းဆေးညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင်တင်ထွေး၊ ဦးသိန်းအောင်–ဒေါ်တီတီဝင်းတို့၏အစ်ကိုကြီး ဦးကြည်သည် ၄–၉–၂၀၀၄ရက်ညနေ ၃နာရီတွင် ကြံခင်းမြို့၌ ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ရက်တွင် ကြံခင်းမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်၊ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည်(၈၁)နှစ်
ကြံခင်းမြို့

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင်တင်ထွေးတို့၏ အစ်ကိုကြီး ဦးကြည်သည် ၄–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။ **တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစု။**

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးရင်မြင့်(ခ)အကျုတ်ကူ
အသက်(၇၂)နှစ်
(ဒေးဒရဲ)

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊အမှတ်(၄၉)နေ (ဦးစံ–ဒေါ်တင်ကြည်)တို့၏သား၊ (ဒေါ်ကျင်နိုင်)၏ခင်ပွန်း၊ ကိုမြင့်နိုင်–မနွယ်နွယ်၊ ကိုရဲနိုင်–မခင်သီတာမိုး၊ မနီလာ–ကိုသန်းစိန်၊ မသန္တာ–ကိုပြုံးနိုင်၊ မသီတာ၊မသီဂီမြင့်–ကိုဝင်းထွဋ်တို့၏မွေးသဖခင်၊ မြေးရှစ် ယောက်တို့၏အဘိုးသည် ၄–၉–၂၀၀၄ ရက်နံနက်၂နာရီတွင် ၁၅လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၉–၂၀၀၄ ရက်နံနက်၁၁နာရီတွင်နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ နံနက်၉း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ကျောင်း၊ရဟန်းဒါယကာ
ဦးရင်မြင့်
အသက်(၇၂)နှစ်

ဦးမြင့်နိုင်(Gold Yacht Co., Ltd-Director)–ဒေါ်နွယ်နွယ် (Gold Yacht Co., Ltd-Director)တို့၏ဖခင်ဦးရင်မြင့်သည် ၄–၉–၂၀၀၄ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **Gold Yacht Co., Ltd မိသားစု။**

ဦးထွန်းလင်း (၃၇)နှစ်
M.A, MRes . Ph . D
နည်းပြ၊ မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်
(ယခင်လုပ်သားများကောလိပ် မြန်မာစာနည်းပြ)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆–ရပ်ကွက် မာလာမြိုင်(၈)လမ်း၊ အမှတ်(၆၈)နေ ဦးကျော်ဇော– ဒေါ်ကျံယဉ်ဖြူတို့၏ သား၊ ပုသိမ်မြို့၊ မြို့ပတ်လမ်း အမှတ်(၆၆)နေ ဦးအောင်ဆင့်–ဒေါ်တင်ရွှေတို့၏ သားသမက်၊ ဒေါ်ခင်မြင့်ရီ(နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ခင်ပွန်း၊မမေမိုးဟန်၊ မောင်ပြည့်ဖြိုးဟန်တို့၏ ဖခင် ဦးထွန်းလင်းသည် ၂၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃–၈–၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

လုပ်သားကောလိပ်မှ ဆရာ၊ဆရာမများနှင့် တပည့်များ။

တီလျှောင်ငါး(ခ)ဦးအောင်မြင့်
အသက်(၇၇)နှစ်
(ပုသိမ်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ်(၅၃)၊ ၃လွှာ(ယာ)နေ [ဒေါ်ညွန့်ညွန့်(ခ)ကေစွိလျန်] ၏ခင်ပွန်း၊ ဦးအောင်ကြီး–ဒေါ်မေစီ၊ ဦးအောင်စိန်၊ ကိုအောင်မြင့်–မအေးအေးမြင့်၊ မအေးအေးသန်း၊ ကိုသက်နိုင်ဝင်း–Dr. အေးအေးပြုံးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂–၉–၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄(တနင်္လာနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
(နာယက)
ဦးရင်မြင့်(ခ)ဦးကျုတ်ကူ
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၄၉)နေ (ဦးစံ–ဒေါ်တင်ကြည်)တို့၏ သား၊ (ဒေါ်ကျင်နိုင်)၏ ခင်ပွန်း၊ ကိုမြင့်နိုင်–မနွယ်နွယ်၊ ကိုရဲနိုင်–မခင်သီတာမိုး၊ မနီလာ–ကိုသန်းစိန်၊ မသန္တာ–ကိုပြုံးနိုင်၊ မသီတာ၊ မသီဂီမြင့်–ကိုဝင်းထွဋ်တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးဦးရင်မြင့်သည် ၄–၉–၂၀၀၄(စနေနေ့)တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ (တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်ဟွန်းတီ(၉၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊(၂၃)လမ်း၊ အမှတ်(၆၀)၊ (၃)ထပ်နေ (ဦးယိုကျန်ဟို)၏ ဇနီး၊ (ဒေါ်ခင်–ဦးတင်ညွန့်)၊ (ယိုအွန်စိတ်)–ကျန်ကန်စန်း၊ ဒေါ်အုန်းခင်–(ဦးတင်မောင်)၊ ဒေါ်ဝင်းမြင့်–(ဦးမြဒင်)၊ ဒေါ်တင်တင်၊ ဦးကျော်စိန်–ဒေါ်ဝါ၊ ဦးကျော်စိုး–ဒေါ်မြမြသန်း(မင်္ဂလာဈေး)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ၂၁ယောက်၊ မြစ်၂၁ ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၄–၉–၂၀၀၄ရက် နံနက် ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆–၉–၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာအယ်လ်ဇော်ဘာ
(M.B.,B.S)(YGN)
အသက်(၅၀)

သိက္ခာတော်ရဆရာကြီး ဦးအယ်လ်ဇော်ယော်–(ဒေါ်နန်ဆိုင်း)တို့၏ သားထွေး၊ ဒေါ်လှဂျာ၏ခင်ပွန်း၊ မခွန်နန်းမွန်း၊မနန်လတ်၊ မနန်ဆိုင်ဟောမ်၊ ဂျော်ဖခွန်၊ ဂျော်ခွန်အောင်၊ မနန်ရှန်အောင်တို့၏ မွေးသဖခင်၊ ဒေါက်တာဦးအယ်လ်ဇော်ဘာသည် ၄–၉–၂၀၀၄ရက် နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၆–၉–၂၀၀၄ရက် မွန်းတည့်၁၂ နာရီတွင် ကွတ်ခိုင်မြို့ ကချင်နှစ်ခြင်းအသင်းတော် Sword Memorial BaptisrtChurch ၌ ဝတ်ပြုကိုးကွယ်ပြီး ခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့အသုံးပြုမောင်းနှင်ခြင်းသည် အသစ်အဆန်းမဟုတ်တော့ စိတ်ချရမှု၊ ဘေးအန္တရာယ်ကင်းမှု၊ အင်ဂျင်ထိခိုက်မှုမရှိနိုင်သည်တို့ကို သိရှိခဲ့ပြီးဖြစ် ဆက်လက်တိုးချဲ့သုံးစွဲရာ၌ စနစ်တကျ ယုံကြည်စိတ်ချစွာ သုံးစွဲ

ရန်ကုန် စက်တင်ဘာ ၄

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ် ပလိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် အဆိုပါ အရောင်းဆိုင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးသည်။

တက်ရောက်

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ကျောက်ဆည်ဆင်အကအဖွဲ့များ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူးဦးမြင့်ဌေးက Compressed Natural Gas(CNG) နှင့်စပ်လျဉ်း၍ သိရှိဖွယ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သဘာဝဓာတ်ငွေ့ဖြည့်သည့် Filling Point နှစ်ခုဖြင့် ကျောက်ဆည်-မန္တလေးခရီးသည်တင် ကားတစ်စီးအား သဘာဝဓာတ်ငွေ့ စတင်ဖြည့်ပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲဖို့

- **မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။**
- **သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင် သက်တမ်းကိုလည်း ပိုရှည်စေသည်။**
- **ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။**
- **သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှု ကို အထောက်အကူပြုသည်။**
- **အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမို မြန်ဆန် သွက်လက်စေသည်။**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအစည်းအဝေးအစီအစဉ်များကိုကော်မရှင်တွဲဖက်အတွင်းရေးမှူး(၂)ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက တင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် အစည်းအဝေး သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အဖွင့်အမှာစကားပြောကြားရာ၌ ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် တင်ပြရန်ရှိသည့် ကိစ္စများနှင့်ပတ်သက်၍ ယခုအစည်းအဝေးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်ကွင်းရှိ ညီလာခံခန်းမကြီးနှင့်တကွ အစုအဖွဲ့အစည်းအဝေးခန်းမများ၊ ညီလာခံကိုယ်စားလှယ်များ၏ အိပ်ဆောင်များနှင့် ဆေးရုံစသည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ အဆောက်အအုံများအားလုံး ပြုပြင်ထိန်းသိမ်းရေးကိစ္စများကို အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက လိုအပ်သလို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေရသော ညီလာခံကိုယ်စားလှယ်ကြီးများအား စီမံခန့်ခွဲမှုကော်မတီက သွားရောက်ကြည့်ရှုအားပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ခြင်းများကို အခါမလပ် ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❒

မြစ်ရေကြီးခြင်းသတိပေး

ရန်ကုန် စက်တင်ဘာ ၄

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့ မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ၁၀စင်တီမီတာ မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် ၈၇၀စင်တီမီတာ အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

P65 20 04/5/9, 1:52 AM